# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း (၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (17-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီး ငါးလမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီး ငါးလမ်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော်  မေ  ၁၆**

နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး(၈)နှင့် (၁၀)ရှိ အဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်း စသည့် လမ်းငါးလမ်းအား အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သိင်္ဂီလမ်း၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ 🏳

**အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိ**

စာမျက်နှာ - ၂၀

**၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တရုတ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိ**

စာမျက်နှာ - ၉




ရတနာပုံ
၂၀၂၆ ခုနှစ် မေ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဝါးတစ်ပင်လုံး အသုံးပဒေသာ

ဝါးသည် မြန်မာလူမျိုးတို့အတွက် အသုံးပြုမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်ရှင်သန်နိုင်သောအပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်သည်။ မြို့ပြ၊ ကျေးလက်နေရာဒေသမရွေး၌ ဝါးပင်များ၊ ဝါးရုံတောများ ရှင်သန်ဖြစ်ထွန်းလျက်ရှိသည်။ အနောက်ရိုးမ၊ အလယ်ရိုးမနှင့် အရှေ့ရိုးမတစ်လျှောက်၌ ထူထပ်မှိုင်းညို့နေသော ဝါးတောကြီးများကို မိုင်ပေါင်းများစွာ ကျယ်ဝန်းသည်အထိ တွေ့နိုင်သည်။

ဝါး၏ အသုံးဝင်မှုတန်ဖိုးမှာ များပြားစုံလင်လှသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဝါးကိုနေရာစုံ၊ ကဏ္ဍစုံ၌ နည်းလမ်းအသွယ်သွယ်ဖြင့် အသုံးပြုလျက်ရှိသည်။ ဝါးတစ်ပင်လုံး အသုံးပဒေသာဟု ဆိုနိုင်သည်။

ဝါးကို အိမ်တိုင်များအဖြစ် အသုံးပြုနိုင်သည်။ ထိုဝါးကိုပင် ခြမ်း၍၊ ရက်၍ အခင်း၊ အကာ၊ အမိုးအဖြစ် အသုံးပြုနိုင်သည်။ လိုက်ကာများ၊ ကစားစရာများ၊ ကိရိယာတန်ဆာပလာများ၊ ပရိဘောဂများအပါအဝင် အခြားသော အသုံးအဆောင်ပစ္စည်းများစွာကို ဝါးဖြင့်ပြုလုပ်နိုင်သည်။ အချို့ဝါးကြီးများ၏ အဆစ်ပိုင်းများကို ချက်ပြုတ်ရန်အိုးအဖြစ် အသုံးပြုကြကြောင်း လေ့လာမှတ်သားရသည်။ ဆန်ထည့်စရာနှင့် ဆန်ပြာစရာ ဇန်း၊ ဆန်ကော၊ ဆန်ခါများ၊ ထမင်းထည့်စရာ ပလုံး၊ အသားခြောက်လှန်းသော တံစို့၊ မီးမှုတ်သည့် မီးပြောင်း၊ ဈေးဝယ်ရန်လက်ဆွဲခြင်း စသည်ဖြင့် ဝါးဖြင့်ပင် အမျိုးမျိုးအစုံစုံ ပြုလုပ်ကြလေ့ရှိသည်။ ရောဝတီတိုင်းဒေသကြီး၏ နာမည်ကျော် အထင်ကရအမှတ်တံဆိပ်တစ်ခုဖြစ်သည့် ပုသိမ်ထီးအကြမ်းထည်ကို ဝါးဖြင့်ပြုလုပ်ခြင်းဖြစ်သည်။

ထိုမျှမကသေး အလှကိုင်တုတ်၊ ဝါးဆေးတံ၊ ဝါးဦးထုပ်၊ ဝါးခမောက်၊ ဖျာ၊ ကုလားထိုင်၊ အိပ်ရာနှင့် ပုခက်များကို ဝါးဖြင့် ပြုလုပ်နိုင်သည်။ အလှူမဏ္ဍပ်၊ မင်္ဂလာဆောင်မဏ္ဍပ်၊ အစည်းအဝေးညီလာခံမဏ္ဍပ်၊ ပွဲရုံ၊ ဇာတ်ရုံ၊ ပြပွဲရုံ စသည့် ယာယီအဆောက်အအုံများကိုလည်း ဝါးဖြင့် ဆောက်လုပ်ကြလေ့ရှိသည်။ ဝါး၏အတွင်းသားကို ထုပြီးလျှင် စက္ကူအမျိုးမျိုးပြုလုပ်နိုင်ရန် ပျော့ဖတ်အဖြစ် အသုံးပြုကြသဖြင့် ဝါးမှာ စက်မှုကုန်ကြမ်းပင်လည်းဖြစ်သည်။

ထို့ပြင် ဝါးကိုနှီးဖြာ၍ လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ရာတွင် ယွန်းထည်များလည်း အပါအဝင်ဖြစ်ပြီး မြန်မာ့လက်မှုအနုပညာတစ်ရပ်အဖြစ် ကမ္ဘာသို့တိုင်ကျော်ကြားလျက်ရှိသည်။ ဂီတ တူရိယာဘက်တွင် အသုံးပြုရသော ပလွေ၊ ပတ္တလားနှင့် ဝါးလက်ခုပ်တို့သည်ပင် ဝါးနှင့် မကင်းချေ။ ယနေ့ခေတ်တွင် ဝါးကိုနှီးဖြာ၍ ရိုးရာလက်မှုပညာနှင့် ဗိသုကာပညာရပ်များ အချိုးညီညီပေါင်းစပ်ကာ ဗုဒ္ဓဆင်းတုတော်များကိုပင် တည်ထားပူဇော်နိုင်ခဲ့ကြသည်။

ဝါးသည် စားရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးလျက်ရှိသည်။ အချို့ဝါးမျိုး၏ အညှောက်များကို မျှစ်အဖြစ် စားသုံးကြသည်။ မျှစ်ကို အချဉ်တည်၍လည်းကောင်း၊ အခြောက်လှမ်း၍လည်းကောင်း စားရေရိက္ခာအဖြစ် အချိန်ကြာမြင့်စွာ သိုလှောင်သိမ်းဆည်းထားနိုင်သည်။ ဟင်းတစ်မည်အဖြစ် မြိန်ရှက်စွာ စားသုံးနိုင်သည်။

ဝါးသည် ကြီးထွားနှုန်းမြန်ပြီး ပြန်လည်စိုက်ပျိုးရန်လွယ်ကူသည့် Renewable Resource တစ်ခုဖြစ်သဖြင့် ရေရှည်အသုံးပြုနိုင်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ အသုံးပြုနိုင်မှုအားဖြင့်လည်း များပြားစုံလင်လှသည်။ သို့ဖြစ်ရာ ဝါးတစ်ပင်လုံး အသုံးပဒေသာဆိုသည့်အတိုင်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်ခြင်းအားဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပသို့ပါတင်ပို့နိုင်သည့် ပို့ကုန်အမည်သစ်များ ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ယုံကြည် ရေးသားလိုက်ရပေသည်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မုန်လာထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၂၅၆ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း လယ်ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း လယ်ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း လယ်ကဏန်း ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း လယ်ကဏန်းပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လယ်ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်း လယ်ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ လယ်ကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ လုပ်ငန်းနဲ့ဆက်စပ်လုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ကဏန်းများအပါအဝင် အခြားရေထွက်ကုန်များကို ပုံမှန်တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ မှ ၉၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲ ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုသိမ်ကြီးမြို့နယ် ကျွန်းဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပုသိမ်ကြီး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်းဆင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင် ကျေးရွာစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လက်ပံတန်းမြို့နယ် တမာကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တမာကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက တမာကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ၈၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇ ဒသမ ၉ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဧပြီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ပြောပြ၍ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဟန်တင်-ဒေါ်တင်တင်မာတို့၏ ၄၉ နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်ကျော်က လက်ခံရယူစဉ်။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၁၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၁၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၆၀၀၊ တမူးမြို့နယ်တွင် ဧက ၄၀၀၊ ခါမ်းပါတ်မြို့တွင် ဧက ၅၀၀ စုစုပေါင်းဧက ၁၅၀၀ ဖြစ်ကြောင်း၊ အဆိုပါဖူးစားပြောင်းများကို ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိစေဖို့၊ အထွက်နှုန်းတိုးစေဖို့ အသိပညာပေး ဆောင်ရွက်သွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင် တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် ထောက်ကြံ့ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ကြံ့ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထောက်ကြံ့ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။


ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ဇီယာဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဇီယာဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ဇီယာဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့တင်ပို့မှုကောင်းခဲ့တာဖြစ်တယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ဇီယာဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်ပျိုးသူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဖောက်သည်က ဘာကိုတွေး၍ ဘယ်လိုဆုံးဖြတ်မလဲ

မျိုးသူ(ကုန်သွယ်မြှင့်)

ဆိုင်ထဲသို့ဝင်လာသော ဝယ်ယူသူတစ်ဦးသည် ဆိုင်ထဲတွင် ခင်းကျင်းထားသော ပစ္စည်းများကို လိုက်လံကြည့်ရှုနေချိန်တွင် ထိုသူ ဘာကိုစဉ်းစားပြီး ဘယ်လိုဆုံးဖြတ်မည်နည်းဆိုသည်ကို အသိချင်ဆုံး ပုဂ္ဂိုလ်မှာ ထိုဆိုင်ရှင်သာဖြစ်မည်။ ထို့ထက် ပြောရလျှင် ဖောက်သည်တစ်ဦးသည် မဝယ်ယူမီ မည်သည့်အချက်များကိုတွေး၍ မည်သို့ဆုံးဖြတ်မည်ကို သိလိုကြပြီး မိမိကုန်ပစ္စည်းများကို ဝယ်ယူသွားရေးအတွက် အရောင်းသမား၏ကျွမ်းကျင်မှုများ၊ အစွမ်းအစများကိုပြသကြရသည်။ ဈေးကွက် ဖော်ဆောင်သူဖြစ်စေ၊ ရောင်းချသူဖြစ်စေ အဖြစ်ချင်ဆုံးအရာမှာ ဖောက်သည်၏စဉ်းစားတွေးတောပုံနှင့် ဆုံးဖြတ်ချက်ကို ကြိုသိလိုခြင်းဖြစ်သည်။ ထိုအချက်ကို ဖောက်သည်များ၏ ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်(Customer Psychology and Decision–Making Process)ဟုခေါ်ဆိုသည်။ နားလည်စေရန်အတွက် မိမိ၏အရောင်းနည်းဗျူဟာကို သုံးခြင်းထက် ဖောက်သည်၏ စိတ်ခံစားချက်နှင့် ယုတ္တိဗေဒက မည်သို့လုပ်ဆောင်လေ့ရှိသည်ကို လေ့လာထားနိုင်ရမည်ဖြစ်သည်။

**ဖောက်သည်၏ ဆုံးဖြတ်ချက်ချမှတ်ရေးခရီး**

ဝယ်ယူသူတစ်ဦးသည် ပစ္စည်းတစ်ခုဝယ်ယူရာတွင် မည်သည့်ပစ္စည်းကိုလိုအပ်သည်က စတင်တွေးတတ်သည်။ ဥပမာ–လမ်းလျှောက်ရန် Walking Shoes တစ်ရန်ကိုဝယ်ယူလိုသည်ဆိုပါစို့။ ရှိထားသော Walking Shoes ကပျက်၍ အသစ်ထပ်မံဝယ်လိုခြင်းလား၊ ရှိထားသော်လည်း ဖိနပ်အသစ်ခံစားချက်ကို ရလို၍အသစ်ဝယ်ယူခြင်းလား စသည့်လားများစွာဖြင့် စဉ်းစားကြရသည်။ ဖိနပ်မကောင်းသဖြင့် ဖိနပ်အသစ်ဝယ်ရန် စဉ်းစားသူသည် သူ၏လိုအပ်ချက်၊ လိုလားချက်တို့ကိုက်ညီလျှင် သေချာပေါက်ဝယ်ယူရန် ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။ ဖိနပ်ရှိသော်လည်း အသစ်တစ်ရန် ထပ်မံဝယ်ယူလိုသူသည် လိုအပ်ချက်ကြောင့်မဟုတ်ဘဲ လိုအင်ဆန္ဒကြောင့်ဝယ်ယူလိုခြင်းဖြစ်သည်။ ငွေကြေးအသင့်အတင့် လက်ဝယ်အပိုရှိနေမှသာ ဒုတိယအချက်ကို စဉ်းစားမည်ဖြစ်သည်။

ထိုဝယ်သူနှစ်ဦး၏ စဉ်းစားတွေးတောပုံချင်းပင် တူညီမည်မဟုတ်ပေ။ ရောင်းသူဘက်ကမူ တစ်ယောက်ဝယ်လျှင် တစ်ရန်ရောင်းရမည်ဖြစ်ပြီး တစ်ရန်အတွက် အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ နှစ်ယောက်လာ၍ နှစ်ရန်ရောင်းရလျှင် နှစ်ရန်အတွက် အကျိုးအမြတ်ရမည်ဖြစ်သည်။ သို့သော် ဈေးနှုန်း၊ အရေအတွက်၊ အရည်အသွေး စသည့် အချက်များကိုလိုက်၍ ဝယ်ယူသူဘက်မှ စဉ်းစားတွေးတောပုံပြောင်းလဲတတ်သကဲ့သို့ ဆုံးဖြတ်ချက်မှာမူ ဝန်ဆောင်မှုပေးခြင်းနှင့်လည်း ဆက်စပ်နေတတ်သည်။

ဝယ်ယူရန်လိုအပ်ချက်ကို စိတ်တွင် သိရှိခြင်းသည် ဝယ်ယူရေးလုပ်ငန်းစဉ်၏ ပထမဆုံးစတင်သည့် ခြေလှမ်းဖြစ်သည်။ လိုအပ်ချက်ရှိနေခြင်းက လိုအပ်သည့်ပစ္စည်းဝယ်ယူရန် တွန်းအားတစ်ခုဖြစ်လာသည်။ ထို့နောက် ဝယ်ယူလိုသောပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းမှတ်သားလာသည်။ အသိမိတ်ဆွေကို မေးမြန်းခြင်း၊ Online မှရှာဖွေခြင်းတို့ကို ဆက်လက်လုပ်ဆောင်လာတတ်သည်။ ယခင်ဝယ်ယူခဲ့ဖူးသည့် အမျိုးအစားတူ၊ တံဆိပ်တူများနှင့် လက်ရှိပစ္စည်းကို အမျိုးမျိုးနှိုင်းယှဉ်စဉ်းစားလာတတ်သည်။ ထိုနှစ်ဆင့်ကို ကျော်လွန်မှသာ ဝယ်ယူရန်ဆုံးဖြတ်ချက်ကို ချမှတ်တတ်ကြသည်။ ဝယ်ယူရန်စဉ်းစားသည့်အထဲတွင် ရောင်းချသူကို ယုံကြည်ရမှု၊ ပစ္စည်းနှင့်ပတ်သက်သည့် ယုံကြည်စိတ်ချရမှုတို့ကိုပါ ထည့်သွင်းစဉ်းစားတတ်သည်။ နောက်ဆုံးရွေးချယ်ခြင်းကို မိမိနှင့်အကိုက်ညီဆုံးသို့မဟုတ် ယုံကြည်စိတ်အချရဆုံးပစ္စည်းကိုရွေးချယ်ခြင်းဖြစ်သည်။

**လိုအပ်ချက်ကို သိမြင်ခြင်း**

လိုအပ်ချက်ကိုသိမြင်ခြင်း ဆိုသည့်အချက်မှာ ဖောက်သည်တစ်ဦး၏ ဝယ်ယူရန်ဆုံးဖြတ်ချက်ချမှတ်ရေးတွင် ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်တစ်ဆင့်ဖြစ်သည်။ ပြောရမည်ဆိုပါက ဖောက်သည်စိတ်တွင် လက်ရှိဖြစ်နေသည့်အခြေအနေနှင့် ဖြစ်ချင်သည့်အခြေအနေကြားတွင် ကွာဟချက်တစ်ခုရှိလာသည်ကို ဆိုလိုခြင်းဖြစ်သည်။ ဖြစ်ပေါ်စေသည့်အကြောင်းမှာ အတွင်းစိတ်၏ တွန်းအားနှင့် ပြင်ပတွန်းအားတို့ကြောင့်ဖြစ်သည်။ အတွင်းစိတ်သည် လူသားတို့၏အခြေခံလိုအပ်ချက်များဖြစ်သည့် ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ သန့်စွမ်းလိုခြင်း၊ စားဝတ်နေရေးပြည့်စုံလိုခြင်း စသည်တို့ဖြစ်သည်။ မီးဖိုချောင်တွင်သုံးနေသည့် စားသုံးဆီကုန်သွားခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး လိုအပ်ချက်ကြောင့်ဖြစ်ပေါ်လာသည့် ဝယ်ယူမည်၊ ဈေးဆိုင်သွားမည်ဆိုသည့်စိတ်သည် အတွင်းစိတ်၏ အခြေခံတွန်းအားများဖြစ်သည်။ ထို့နောက်တွင် ဆီအမျိုးအစားရွေးချယ်ခြင်း၊ ဈေးနှုန်းစုံစမ်းခြင်း၊ ယုံကြည်စိတ်ချရမှုဆန်းစစ်ခြင်း စသည့်နောက်ဆက်တွဲတွင် တွန်းအားများဖြစ်ပေါ်လာသည်။

> ❖ ဝယ်ယူသူသည် ဈေးနှုန်း၊ အရေအတွက်၊ အရည်အသွေးတို့ကိုစဉ်းစားရာတွင် မိမိသုံးစွဲရန်ရည်ရွယ်သော ငွေကြေးပမာဏ၊ ငွေပမာဏနှင့် ထိုက်တန်သည်ဟုယူဆရသော ပစ္စည်းဖြစ်ခြင်း၊ ကောင်းသည်ဟုယူဆသော Brand၊ အရည်အသွေး၊ အရေအတွက်၊ ဈေးနှုန်းများသင့်တော်ခြင်း စသည်တို့ ယထာဘူတကျကျစဉ်းစားရွေးချယ်သည်ဟုထင်မြင်ပြီး စိတ်ကျေနပ်မှုရမှ ဝယ်ယူသည်ဟုထင်ကြသည်။ သို့သော် ဝယ်ယူသူတိုင်းသည် ယထာဘူတကျကျစဉ်းစားပြီးမှ ဝယ်ယူခြင်းမဟုတ်ဘဲ ဆုံးရှုံးမည်ကိုကြောက်၍ဝယ်ယူခြင်း၊ လူမှုထောက်ခံချက်များပြားသောပစ္စည်းဖြစ်၍ဝယ်ယူခြင်း၊ ရောင်းသူ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ်ယုံကြည်သဖြင့် ဝယ်ယူခြင်းတို့လည်း ပြုလုပ်တတ်သည်။ ❖

ဈေးနှုန်းကြီးမြင့်ခြင်း သို့မဟုတ် စားအုန်းဆီစားသဖြင့် အဆီတက်ပြီး ကျန်းမာရေးနှင့်မညီဟု မှတ်သားထားစိတ်က ဒုတိယတွန်းအားဖြစ်လာတတ်သည်။ ဈေးနှုန်းကို စဉ်းစားရန်မလိုလျှင် ကျန်းမာရေးနှင့်ညီညွတ်သည်ဟူသောအချက်သည် အရေးပါလာပြီး ဆီအမျိုးအစားရွေးချယ်ရန်၊ Brand ရွေးချယ်ရန် စဉ်းစားလာမည်ဖြစ်သည်။ တွန်းအားများတွင် အတွင်းစိတ်၏တွန်းအားအပြင် ပြင်ပပတ်ဝန်းကျင်၏ တွန်းအားများလည်း ပါဝင်လာသည်။ မိတ်ဆွေများက စားသုံးသော Brand ကို စိတ်ချရသည်ဟု ကြားသိရချက်များအရ ဝယ်ယူရန်တွန်းအားဖြစ်စေသည်။ ထို့ပြင် ကြော်ငြာများမြင်ရခြင်း၊ လေးစားသည့်သူများ၏စားသုံးမှုများ စသည်တို့သည် ပြင်ပပတ်ဝန်းကျင်တွန်းအားများဖြစ်လာသည်။

မကြာသေးမီက မန္တလေးမှ ဆရာဝန်တစ်ဦးက နှလုံးကျန်းမာရေး၊ ဝိတ်မတက်ရေး စသည့်ကျန်းမာရေးအတွက် နံနက်ပိုင်းတွင် သကြားမပါသည့် ကော်ဖီတစ်ခွက်နှင့် ကြက်ဥပြုတ်နှစ်လုံးကို Break–fast အဖြစ် စားခြင်းကကောင်းမွန်ကြောင်း ပြောကြားချက်ပေါ်မူတည်ပြီး ဆရာညွှန်းသော အဆိုပါကော်ဖီအမှတ်တံဆိပ်သည် များစွာရောင်းအားတက်ခဲ့သည်ဟုကြားသိရသည်။ ထိုအချက်မှာ လေးစားရသူဆရာဝန်တစ်ဦး၏ ပြောကြားချက်သည် ပြင်ပပတ်ဝန်းကျင်တွန်းအားဖြစ်ကာ ဝယ်ယူသူများက အဆိုပါကော်ဖီတံဆိပ်ကို ယုံကြည်စိတ်ချမှုဖြစ်ပြီး ဝယ်ယူကြခြင်းဖြစ်သည်။

ဖောက်သည်၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒတို့ကို ဈေးရောင်းသူတိုင်းသည် နားလည်နေရန်လိုအပ်သည်။ ဥပမာ–မီးဖိုချောင်တွင် ချက်ပြုတ်ရန်စားသုံးဆီကုန်ခြင်းသည် ဝယ်ယူရန်လိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောဆီဖြစ်ရေးသည်လည်း နောက်ထပ်လိုအပ်ချက်တစ်ခုဖြစ်သည်။ ဝယ်ယူမည့် Brand ကိုရွေးချယ်ခြင်းမှာ ပြင်ပပတ်ဝန်းကျင်၏ လွှမ်းမိုးချက်များအရ လိုအင်ဆန္ဒဖြစ်လာသည်။ ဤနေရာတွင် Marketing ဘုရင် Philip Kotler က ဖောက်သည်များတွင် လိုအပ်ချက်ရှိနေသည်ထိ စောင့်နေရန်မဟုတ်ဘဲ ဖောက်သည်တို့၏ စိတ်ထဲတွင် နက်ရှိုင်းသော လိုအင်ဆန္ဒဖြစ်လာစေရန် ဖော်ထုတ်ပေးရန်လိုသည်ဟု ဆိုထားသည်။

ဖောက်သည်များ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒနှစ်ခုကြားရှိကွက်လပ်ကို ရောင်းချသူများက ဖြည့်ဆည်းပေးခြင်းဖြင့် ဝယ်ယူရန်ဆုံးဖြတ်ချက်ကို ချမှတ်တတ်သည်။ စဉ်းစားစရာများကို ဖောက်သည်များတွေးမိရန် ရောင်းချသူများဘက်က မေးခွန်းများမေး၍ ဖောက်သည်ကို မဆုံးဖြတ်မီစဉ်းစားစေခြင်းမျိုးဖြစ်သည်။ ဥပမာ–လူကြီးမင်း ယခုဝယ်ယူစားသုံးနေသော ဆီက တကယ်ပဲစစ်ရဲ့လား။ ဘယ်လိုဓာတ်ခွဲခန်းမျိုးက ထောက်ခံထားတာရှိသလဲ စသည့်စဉ်းစားရမည့် အချက်များကို ရောင်းချသူက ဝယ်ယူသူကို မေးခွန်းမေး၍ စဉ်းစားစေခြင်းမျိုး ပြုလုပ်ပေးသင့်သည်။ ထို့ပြင် ရောဆီနှင့် ဆီသန့်ကွာခြားချက်များ၊ အရည်အသွေးမြင့်နှင့် အရည်အသွေးနိမ့်စားသုံးဆီများ၏ ကွာခြားချက်များ၊ ကျန်းမာရေးအတွက် အားနည်းချက်၊ အားသာချက်များ၊ ကောင်းကျိုးဆိုးကျိုးများ စသည်တို့ကို မေးခွန်းများမေး၍ စဉ်းစားစေပြီး "ငါဝယ်မည့်ဆီက ဆီကောင်းဆီသန့်ဖြစ်သင့်သည်၊ ကျန်းမာရေးနှင့်ညီညွတ်သောဆီဖြစ်သင့်သည်"ဟု စိတ်အတွင်းတွင် လိုအပ်ချက်တစ်ခုပေါ်လာရန် ရောင်းသူဘက်က လုပ်ဆောင်ပေးသင့်သည်။ ဖောက်သည်၏ အခက်အခဲကို ရောင်းသူက ကိုယ်ချင်းစာပြရပါမည်။ မိသားစုကျန်းမာရေးအတွက် ဆီကောင်းဆီသန့်ရွေးချယ်နေသည်ကို သိကြောင်း၊ နားလည်ကြောင်းကိုယ်ချင်းစာပြရမည်။ ဖောက်သည်၏ ဆုံးဖြတ်ချက်တွင် မိမိရောင်းသည့်ဆီကိုဝယ်ယူခြင်းဟူသော ဆုံးဖြတ်ချက်ဆီရောက်အောင် ဆောင်ရွက်ရပါမည်။

**ဝယ်ယူသူက ယုတ္တိဗေဒကျအောင် စဉ်းစားပါသလား**

ဝယ်ယူသူကို ယုတ္တိဗေဒကျကျမစဉ်းစားတတ်ဟု ပြောချင်းမျိုးမဟုတ်ပေ။ ဝယ်ယူသူသည် ဈေးနှုန်း၊ အရေအတွက်၊ အရည်အသွေးတို့ကို စဉ်းစားရာတွင် မိမိသုံးစွဲရန်ရည်ရွယ်သော ငွေကြေးပမာဏ၊ ငွေပမာဏနှင့်ထိုက်တန်သည်ဟုယူဆရသော ပစ္စည်းဖြစ်ခြင်း၊ ကောင်းသည်ဟုယူဆသော Brand၊ အရည်အသွေး၊ အရေအတွက်၊ ဈေးနှုန်းများသင့်တော်ခြင်း စသည်တို့ ယထာဘူတကျကျစဉ်းစားရွေးချယ်သည်ဟုထင်မြင်ပြီး စိတ်ကျေနပ်မှုရမှ ဝယ်ယူသည်ဟု ထင်ကြသည်။ သို့သော် ဝယ်ယူသူတိုင်းသည် ယထာဘူတကျကျစဉ်းစားပြီးမှ ဝယ်ယူခြင်းမဟုတ်ဘဲ ဆုံးရှုံးမည်ကိုကြောက်၍ဝယ်ယူခြင်း၊ လူမှုထောက်ခံချက်များပြားသောပစ္စည်းဖြစ်၍ဝယ်ယူခြင်း၊ ရောင်းသူ၏ လုပ်ငန်းကျွမ်းကျင်မှုအပေါ် ယုံကြည်သဖြင့် ဝယ်ယူခြင်းတို့လည်း ပြုလုပ်တတ်သည်။ ဆုံးရှုံးမည်ကိုကြောက်ရွံ့၍ ဝယ်ယူတတ်ကြရာတွင် မိမိသည် ဈေးကွက်အတွင်း ခေတ်စားနေသောပစ္စည်းတစ်ခုကို ဝယ်ယူခြင်းမပြုလျှင် ခေတ်မမီသူ၊ ခေတ်နှင့်ရင်ပေါင်တန်းနိုင်သောဖက်ရှင်မရှိသူ စသည့်အတွေးများကြောင့် ဝယ်ယူခြင်းမျိုးဖြစ်သည်။

ဥပမာ–အမျိုးသမီးများသည် အဝတ်အစားများကို ခေတ်နှင့်ညီအောင် ဝယ်ယူခြင်းမျိုးဖြစ်သည်။ ကိုရီးယား K–pop သီဆိုသူများ၏ ဝတ်စားဆင်ယင်ပုံများကို အမျိုးသမီးငယ်များတုပခြင်းမျိုးဖြစ်သည်။ ရန်ကုန်မြို့လမ်းမများပေါ်တွင် ဘောင်းဘီရှည်ပွပွနှင့် အင်္ကျီတိုတိုဝတ်စားဆင်ယင်မှုမျိုးကို မကြာခဏ တွေ့နိုင်သည်။ ထိုအဝတ်အစားများကို မဝယ်လျှင် ခေတ်မမီဟုယူဆပြီး အဝတ်အစားမလိုသော်လည်း ဝယ်ခြင်းမျိုးဖြစ်သည်။ လူမှုထောက်ခံချက်များပြားသောပစ္စည်းများကို ဝယ်ယူတတ်သည်။

ဥပမာအားဖြင့် ဝိတ်ချဆေးတစ်မျိုးကို ခန္ဓာကိုယ်သေးသွယ်သော ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ဆယ်လီများက သူတို့သောက်သုံး၍ ယခုကဲ့သို့ ခန္ဓာကိုယ်သေးသွယ်နေသည်ဟု ကြော်ငြာခြင်းမျိုးတွင် "သူတို့လည်းသောက်တယ်။ ငါလဲ ပိန်အောင်သောက်သင့်တယ်"ဟု အတွေးဖြင့် ယထာဘူတကျကျမစဉ်းစားဘဲ ဝယ်ယူခြင်းမျိုးဖြစ်သည်။ ပိန်ဆေးသောက်ခြင်းတစ်မျိုးတည်းကြောင့် ပိန်ခြင်းမဟုတ်ဘဲ ကိုယ်လက်လှုပ်ရှားကစားခြင်း၊ အစားအသောက်ဆင်ခြင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်အောင် အိပ်ချိန်မှအစ ဂရုစိုက်ခြင်း စသည့်အချက်များကိုပါလုပ်ဆောင်မှ ခန္ဓာကိုယ်သည် ကျန်းမာရေးနှင့်ညီညွတ်စွာရှိနေမည်ဆိုသည့် ယထာဘူတကျကျအတွေးသည် နောက်ရောက်သွားခြင်းမျိုးဖြစ်သည်။

**လူသားတစ်ဦးအဖြစ် ရှုမြင်ပါ**

ရောင်းသူတစ်ဦးသည် ကိုယ်နှင့်ကိုယ့်မိသားစု တန်ဖိုးထားမစားသောအစားအသောက်ကို မရောင်းရန်၊ ကိုယ်တိုင်တန်ဖိုးထားနိုင်မှရောင်းရန် လိုအပ်သည်။ အခြေခံအားဖြင့် တန်ဖိုးက မောင်းနှင်သော ရွေးချယ်မှုမျိုး ဖောက်သည်ဘက်မှဖြစ်ရန် လိုအပ်သည်။ ဝယ်ယူသူများသည် ရောင်းချသူ၏ထားရှိသော စေတနာနှင့်ရပ်တည်ချက်များကိုပါ လေ့လာစဉ်းစားတတ်လာသည်။ နောက်ကြောင်းပြန်လေ့လာမှုများ ရှိလာတတ်သည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြှင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဝါ ၅၂၆၄ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဝါစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဝါစိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ဥပမာ-ရွှေဘိုပေါ်ဆန်းမွှေးဆိုသည့် Brandတစ်ခုဖြစ်လာခြင်းသည် ရွှေဘိုဒေသတွင် စိုက်ပျိုးထုတ်လုပ်ကြောင်း အာမခံခြင်းပင်ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းမွှေးဟု နာမည်ခံထားသော်လည်း အခြားဒေသမှပေါ်ဆန်းမွှေးဆန်များရောစ၍ရောင်းချခြင်းသည် ဝယ်သူအပေါ် စေတနာနှင့် ရပ်တည်ချက်မကောင်းခြင်းကို ပြဆိုခြင်းပင်ဖြစ်သည်။

အခြားတစ်ခုမှာ ပတ်ဝန်းကျင်က လွှမ်းမိုးခြင်းမျိုးလည်းရှိသည်။ ဝယ်ယူသူက ဆုံးဖြတ်ရမည်ဖြစ်သော်လည်း ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှုများတွင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ဩဇာလွှမ်းမိုးခြင်းများကလည်း အချက်တစ်ချက်အနေဖြင့်ပါဝင်သည်။ ရောင်းသူ၏ စကားထက် အတူပါလာသောမိတ်ဆွေသူငယ်ချင်း၏ စကား၊ အကြံပေးချက်ကို ဝယ်ယူသူက အလေးထားတတ်သည်။ ဖောက်သည်တစ်ယောက်တိုးစေရေးအတွက် ဖောက်သည်တစ်ယောက်ကို ထိန်းထားနိုင်ရန်လိုအပ်သည်။ ဖောက်သည်တစ်ဦးက အခြားတစ်ဦးကို ဆိုင် သို့မဟုတ် ကုန်ပစ္စည်းကို ညွှန်းခြင်းက ပို၍ဝယ်ယူရန်ဆုံးဖြတ်ချက်ကို ပြတ်သားစေသည်။

ယခုခေတ်တွင် ပစ္စည်းတစ်ခုကို မဝယ်ယူမီစဉ်းစားကြရာတွင် သတင်းအချက်အလက်များကို ပို၍နားထောင်တတ်၊ ရှာဖွေတတ်လာသည်။ ဘာကြောင့် ဤပစ္စည်းကိုဝယ်သင့်သလဲဟု ပို၍စဉ်းစားတတ်လာသည်။ ဖောက်သည်အနေဖြင့် အစားအသောက်တစ်မျိုးကို ဝယ်ယူမည်ဆိုပါက ကျန်းမာရေးနှင့်ညီညွတ်ရဲ့လား၊ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှုရှိရဲ့လားဟု တွေးခေါ်စဉ်းစားပြီးမှသာ ဝယ်ယူခြင်းကို ပြုတတ်သည်။ ထိုအခါတွင် ဝယ်ယူသူ၏ စိုးရိမ်စိတ်ကို ရောင်းသူက အလေးထားပြီး နားလည်ပေးရန်နှင့် ကိုယ်ချင်းစာရန်လိုအပ်သည်။

ထို့ကြောင့် ဝယ်ယူသူများက ဘာကိုတွေး၍ ဘယ်လိုဆုံးဖြတ်မလဲဆိုသည်ကိုသိရှိရန်မှာ ဖောက်သည်ကို ကိုယ်ချင်းစာစိတ်ဖြင့်ကြည့်၍ ဖောက်သည်၏ အကြံပေးဖော်၊ ဖောက်သည်၏အကျိုးကို လိုလားသူအဖြစ် ဖောက်သည်ကလက်ခံလာစေပြီး ဖောက်သည်က မည်သို့ဆုံးဖြတ်မည်ကို သိရှိနိုင်စေသည်။ ဖောက်သည်၏ စိုးရိမ်စိတ်များကို နားလည်စာနာပေးခြင်းဖြင့် ရောင်းချမှုကို မြှင့်တင်နိုင်သည်။ ဖောက်သည်မှာ ဈေးနှုန်းမှန်ကန်ရဲ့လား၊ အရည်အသွေးမှန်ရဲ့လား၊ ကျန်းမာရေးနှင့် ညီညွတ်သလား စသည့်စိုးရိမ်စိတ်များရှိနေတတ်သဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် ဖောက်သည်က လက်ခံလာသည်ထိ အကြံပေးလျှင် ဝယ်ယူရန် ဆုံးဖြတ်လာမည်ဖြစ်သည်။ ဖောက်သည်များ ဘာကိုတွေး၍ ဘယ်လိုဆုံးဖြတ်မည်ကို သိရှိနိုင်ရန်အတွက်ရောင်းသူများကို အထက်ပါ အကြံပြုချက်များ ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Philip Kotler's Marketing Management, Marketing 7.0**

# အောင်စိတ်ညွှန်လမ်း

\- နှုတ်ဆိတ်ခြင်းဖြင့်
ခံပြင်းမှုတွေ ရပ်စဲစေခဲ့
ဖြေသိမ့်ရင်ထဲ အောင်ပွဲပွေ့ပိုက်
ရလိုက်သည်သို့ မှတ်ယူမိ။

\- ကျောခိုင်းခြင်းဖြင့်
တင်းမာမှုတွေ ပြေလျော့စေခဲ့
ဖြေသိမ့်ရင်ထဲ အောင်ပွဲဆိုက်မြိုက်
ရလိုက်သည်သို့ စွဲထင်မိ။

\- အနိုင်အရှုံး ရှန်းထွက်ကျားကန်
တုံ့ပြန်ထိုးနှက် အားသာချက်နှင့်
စွန်းထွက်အားပြိုင် ရင်ဆိုင်ချေပ
စဆုံးကုန်စင် ရှုကြည့်လျှင်မူ
အမြင်တိမ်းစောင်း အကြောင်းကြောင်းပင်
ကိန်းအောင်းအသိ ထိန်းကျောင်းညှိသင့်
မြတ်ဘိလောက လူ့ဘဝကား
ရခဲပေစွ တိုတောင်းစွတည့်။

\- ချစ်ခြင်းပြန်လှန်
မာန်ချနှိမ်ချိုး စိတ်ဉာဉ်ဆိုးအား
ကြိုးစားထုပ်ပိုး အောင်စိတ်ပျိုး၍
ကောင်းဆိုးတိုင်းတာ သုံးသပ်ကာလျှင်
ကြောင်းကျိုးနှိုင်းစာ ဆုံးဖြတ်ကာလျှင်
သာနာမတွက် လမ်းညှိဆက်သော်
လက်တွေ့ဖြစ်စဉ် အောင်ပန်းဆင်ကာ
ရွှင်ကြည်နှစ်ထောင်း ဂုဏ်တင့်ညောင်းရ
ကောင်းမြင်စိတ်ယှဉ် လျှောက်လှမ်းနှင့်ချိန်
ရင်မှာယှက်တွယ် ညှိုးရိပ်ပြယ်လျက်
တုံ့လှယ်ချမ်းမြ အေးရိပ်လှနှင့်
သောကမြူမှု မငြိခဲ့ဘဲ
ဘဝလမ်း ဖြောင့်စေချင်တကား။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**


# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယခုနှစ် ဆောင်းဦးရာသီ၌ အမေရိကန်နိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် သွားရောက်မည်



**ပေကျင်း မေ ၁၆**

ယခုနှစ် ဆောင်းဦးရာသီအတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် သွားရောက်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက မေ ၁၅ ရက်တွင် အတည်ပြုပြောကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်အရ ယခုနှစ် ဆောင်းဦးရာသီအတွင်း ဝါရှင်တန်မြို့သို့ သမ္မတရှီကျင့်ဖျင် သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် ၁၀ နှစ်ကျော်ကြာကာလအတွင်း ပထမဆုံး အမေရိကန်ခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ဝါရှင်တန်မြို့ အိမ်ဖြူတော်သို့ ယခုနှစ် စက်တင်ဘာ ၄ ရက်တွင် လာရောက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၅ ရက်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် မိမိတို့အနေဖြင့် ယခုနှစ်အတွင်း သုံးကြိမ်ထိ ထပ်မံတွေ့ဆုံရန်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က တရုတ်ခရီးစဉ် ပြီးဆုံးပြီးနောက် ထုတ်ဖော်ပြောကြားထားသည်။

သမ္မတရှီကျင့်ဖျင်နှင့် သမ္မတ ဒေါ်နယ်ထရမ့်တို့သည် တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်းမြို့၌ ယခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် အေပက်ထိပ်သီးညီလာခံနှင့် အမေရိကန်နိုင်ငံ မီယာမီမြို့၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံတို့၌ ထပ်မံတွေ့ဆုံနိုင်ဖွယ် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိုင်အက်စ်ဒုတိယခေါင်းဆောင်ကို ရှင်းလင်းနိုင်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အတည်ပြု

**ဝါရှင်တန် မေ ၁၆**

အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ဒုတိယခေါင်းဆောင် အဘူဘီလား-အယ်လ်မီနူကီကို အမေရိကန်နှင့် နိုင်ဂျီးရီးယားတပ်များက ရှင်းလင်းနိုင်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိမိ၏ညွှန်ကြားချက်အရ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက အမှားအယွင်းမရှိပြုလုပ်ခဲ့သည့် စစ်ဆင်ရေးအတွင်း အိုင်အက်စ်ဒုတိယခေါင်းဆောင် အယ်လ်မီနူကီကို ရှင်းလင်းနိုင်ခဲ့ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

အမေရိကန်နှင့် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များအနေဖြင့် မည်သည့်နေရာ၌ စစ်ဆင်ရေးပြုလုပ်ခဲ့သည်ကို သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အယ်လ်မီနူကီသည် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်အစိုးရက ၎င်းကို နိုင်ငံတကာအကြမ်းဖက်သမားအဖြစ် သတ်မှတ်ထားသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလကလည်း နိုင်ဂျီးရီးယားနိုင်ငံ၌ အိုင်အက်စ်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ဖူးသည်။

ယင်းသို့ တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံသို့ တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ နှင့် မောင်းသူမဲ့ဒရုန်းယာဉ်များ စေလွှတ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ခရီးသည်တင်ဘတ်စကားကို ကုန်တင်ရထားဝင်တိုက်

**ဗန်ကောက် မေ ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ရက်ချာသီဝီခရိုင် ဘူတာရုံအနီး၌ ယနေ့တွင် ကုန်တင်ရထားတစ်စီးက ခရီးသည်တင်ဘတ်စကားတစ်စီးကို ဝင်တိုက်ခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့သည်ဟု ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ မတော်တဆမှုဖြစ်စဉ်သည် ပက်ကာဆန် ဘူတာရုံအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ထိုင်းမီဒီယာများ၏အဆိုအရသိရသည်။

ကုန်တင်ရထား ဝင်တိုက်မှုကြောင့် ခရီးသည်တင်ဘတ်စကားမှာ မီးလောင်ခဲ့ပြီး အခြားမော်တော်ယာဉ်အများအပြားလည်း ထိခိုက်ပျက်စီးခဲ့သည်။

ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကားဝင်တိုက်မှုအတွင်း လူ ၃၅ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။

ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကားဝင်တိုက်မှုဖြစ်စဉ်အတွင်း ဒဏ်ရာရခဲ့သူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

လက်ရှိတွင် ကုန်တင်ရထားနှင့် ခရီးသည်တင်ဘတ်စကား ဝင်တိုက်မှုဖြစ်စဉ် အကြောင်းရင်းကို ထိုင်းအာဏာပိုင်များ စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ၄၅ ရက်သက်တမ်းတိုးရန် အစ္စရေးနှင့် လက်ဘနွန် သဘောတူ

**ဝါရှင်တန် မေ ၁၆**

ယခုနှစ် ဧပြီ ၁၆ ရက်တွင် ရယူခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ၄၅ ရက် သက်တမ်းတိုးရန် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့က မေ ၁၅ ရက်တွင် သဘောတူညီခဲ့ကြကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ နှစ်ရက်ကြာတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုသက်တမ်းတိုးရန် အစ္စရေးနှင့်လက်ဘနွန်နိုင်ငံတို့က သဘောတူခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် လာမည့်ရက်သတ္တပတ်များအတွင်း တွေ့ဆုံဆွေးနွေးမှုများ ထပ်မံပြုလုပ်ရန်လည်း အစ္စရေးနှင့် လက်ဘနွန်တို့က သဘောတူထားသည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံအခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား စစ်ရေးပဋိပက္ခများ အဆုံးသတ်ရေးအတွက် ယခုနှစ် ဧပြီ ၁၆ ရက်တွင် ရယူထားသော သဘောတူညီချက်မှာ မေ ၁၇ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အီရန်စစ်ရေးပဋိပက္ခကိုတုံ့ပြန်သည့်အနေဖြင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုသည် ယခုနှစ် မတ် ၂ ရက်တွင် အစ္စရေးနိုင်ငံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့ကြားစစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားခဲ့သည်။

အစ္စရေးနှင့်လက်ဘနွန်နိုင်ငံတို့သည် အမေရိကန်အစိုးရ၏ကြားဝင်မှုဖြင့် ဧပြီ ၁၆ ရက်တွင် ရယူခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် သက်တမ်းကို ၄၅ ရက်ထပ်တိုးရန် သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပနားမားတူးမြောင်း သင်္ဘောများဖြတ်သန်းမှု ယခုနှစ်အတွင်း ကန့်သတ်ရန်အစီအစဉ်မရှိ

**ပနားမားစီးတီး မေ ၁၆**



အယ်လ်နီညို ရာသီဥတုပုံစံ စဝင်ခဲ့လျှင်ပင် ပနားမားတူးမြောင်း သင်္ဘောများ ဖြတ်သန်းမှုကို ယခုနှစ် လက်ကျန်ကာလအတွင်း ကန့်သတ်ရန် အစီအစဉ်မရှိ ဟု ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပနားမားနိုင်ငံအနေဖြင့် မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်ခဲ့ရပြီး ပနားမားတူးမြောင်းအတွင်း ရေပမာဏကျဆင်းခဲ့ရသည်။

ထိုသို့ အယ်လ်နီညိုရာသီဥတုကြောင့် ပနားမားတူးမြောင်း ရေနည်းသွားချိန်တွင် တူးမြောင်းကို သင်္ဘောများဖြတ်သန်းခွင့် ကန့်သတ်ခဲ့ဖူးသည်။

မိုးလေဝသ ပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ် ဒုတိယခြောက်လပတ်အတွင်း အယ်လ်နီညိုရာသီဥတုပုံစံ စဝင်နိုင်ပြီး ပနားမားအနေဖြင့် မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

သို့ရာတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် စတင်ဝင်ရောက်ခဲ့လျှင်ပင် ယခုနှစ် လက်ကျန်ကာလများအတွင်း ပနားမားတူးမြောင်းကို သင်္ဘောများဖြတ်သန်းမှု ကန့်သတ်ရန် အစီအစဉ်မရှိကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ပနားမားတူးမြောင်းသည် တစ်ရက်လျှင် သင်္ဘော ၃၈ စီးထိ ဖြတ်သန်းခွင့်ပေးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ အခြေစိုက် CAS Space ကုမ္ပဏီက လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်ခဲ့



ပေကျင်း မေ ၁၆

တရုတ်နိုင်ငံအခြေစိုက် CAS Space ကုမ္ပဏီသည် မေ ၁၅ ရက်တွင် လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

ဂြိုဟ်တုပေါင်း ငါးစင်း သယ်ဆောင်ထားသည့် လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တောင်ဖန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငါးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း CAS Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

CAS Space အာကာသနည်းပညာကုမ္ပဏီသည် တရုတ်သိပ္ပံအကယ်ဒမီ လက်အောက်ခံ အာကာသနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သည်။

လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံသည် အသေးစားဂြိုဟ်တုများကို လွှတ်တင်နိုင်ရေးအတွက် ပုံစံထုတ်တည်ဆောက်ထားသည့် ဒုံးပျံယာဉ်ဖြစ်ကြောင်း သိရသည်။

မေ ၁၅ ရက် မစ်ရှင်သည် လီကျီယန်-၁ ဝိုင် ၁၃ ဒုံးပျံများ၏ ၁၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၅၀ ပြည့်နှစ်တွင် အရေပြားကင်ဆာပုံစံသုံးမျိုး ဖြစ်ပွားမှုမြင့်တက်လာနိုင်

ပေကျင်း မေ ၁၆

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၅၀ ပြည့်နှစ်အရောက်တွင် အရေပြားကင်ဆာရောဂါပုံစံသုံးမျိုး ဖြစ်ပွားမှုနှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ကျန်းပြည်သူ့ဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လာမည့် ဆယ်စုနှစ်များအတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအရ အရေပြားကင်ဆာရောဂါ ပုံစံသုံးမျိုးဖြစ်ပွားမှုမှာ ဆက်လက်မြင့်တက် လာနိုင်ကြောင်း သိရသည်။

အရေပြားကင်ဆာရောဂါကို Basal Cell Carcinoma(BCC)၊ Squamous Cell Carcinoma (SCC)နှင့် မီလာနိုးမား(Melanoma) အရေပြားကင်ဆာဟူ၍ သုတေသနပညာရှင်များက ခွဲခြားထားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အထက်ပါအရေပြားကင်ဆာရောဂါပုံစံသုံးမျိုး ဖြစ်ပွားမှုနှုန်းမှာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။


တရုတ် သုတေသနပညာရှင်များသည် ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြား တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအချက်အလက်များကို လေ့လာဆန်းစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနောက်ဘက်အနားစွန်းဒေသကို ဓာတ်ပုံရိုက်ကူး၍ ကမ္ဘာဂြိုဟ်သို့ပေးပို့ခဲ့

ဝါရှင်တန် မေ ၁၆

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း အနောက်ဘက်အနားစွန်းဒေသကို ဓာတ်ပုံရိုက်ကူး၍ ကမ္ဘာဂြိုဟ်သို့ ပေးပို့ခဲ့ကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။



အဆိုပါဓာတ်ပုံသည် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် ရိုက်ကူးခဲ့သည့် ဆင့်မမြောက် ဓာတ်ပုံဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်ပုံကို ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းအနောက်ဘက်စွန်းဒေသ၌ ပဉ္စမမြောက်သိပ္ပံပညာ စူးစမ်းလေ့လာမှုများပြုလုပ်နေစဉ် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေကို စူးစမ်းလေ့လာနေသောယာဉ်ဖြစ်သည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းဒေသ၌ ခရီးအကွာအဝေး ၂၆ မိုင်ထိ လှည့်လည်ခဲ့ပြီး ကျောက်သားနမူနာ ၂၇ မျိုး ရယူနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေသည် အင်္ဂါဂြိုဟ်၏ ရှေးအကျဆုံးနှင့် ဘူမိဗေဒသဘောအရ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးနယ်မြေဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## အရက်သေစာသောက်သုံးမှုက ရောဂါအမျိုးအစား ၆၀ ကျော်ဖြစ်ပွားမှုနှင့် ဆက်စပ်နေ

ဂျီနီဗာ မေ ၁၆

အရက်သေစာ သောက်သုံးမှုသည် ရောဂါအမျိုးအစား ၆၀ ကျော် ဖြစ်ပွားနိုင်မှုနှင့်ဆက်စပ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ အဆိုကိုကိုးကား၍ မေ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

WHO ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ ရောဂါအမျိုးအစား ၆၀ ကျော်တို့သည် အရက်သောက်သုံးမှုနှင့် အပြည့်အဝ ဆက်စပ်နေပြီး အထက်ပါရောဂါအများစုမှာ အရက်အလွန်အကျွံသောက်သုံးမှုနှင့် ပတ်သက်နေကြောင်း သိရသည်။

အရက် သောက်သုံးမှုနှင့် အပြည့်အဝ ဆက်စပ်နေသော ရောဂါများထဲတွင် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အစာပြွန်ကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာနှင့် ရင်သားကင်ဆာများလည်း ပါဝင်သည်ဟု WHO ကျွမ်းကျင်သူများက ပြောကြားကြောင်း သိရသည်။

ထို့ပြင် အရက်သောက်သုံးမှုသည် သွေးတိုး၊ လေဖြတ်မှု၊ နှလုံးခုန်နှုန်း မမှန်မှုစသည့် နှလုံးသွေးကြော ရောဂါများနှင့်လည်း ဆက်စပ်နေကြောင်း၊ အရက်သောက်သုံးမှုသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)၊ ဝက်ရူးပြန်ရောဂါနှင့် ပန်ကရိယရောင်ရမ်းမှုကဲ့သို့ အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးပြဿနာများနှင့်လည်း ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## အရှေ့တောင်အာရှ၏ အရွယ်အစားအကြီးမားဆုံး ဒိုင်နိုဆောမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များ ထိုင်းနိုင်ငံ၌ တူးဖော်တွေ့ရှိ

လန်ဒန် မေ ၁၆

အရှေ့တောင်အာရှ၏ အရွယ်အစားအကြီးမားဆုံး ဒိုင်နိုဆောမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ထိုင်းနိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း မေ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကိုယ်ထည်အလျား ပေ ၉၀ ရှည်လျားသည့် အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Nagatitan Chaiyaphumensis ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Nagatitan Chaiyaphumensis ဒိုင်နိုဆောများသည် ထိုင်းနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း ၁၁၃ သန်းက ရှင်သန်ကျက်စားခဲ့သည့် ဒိုင်နိုဆောများ ဖြစ်သည်ဟု လန်ဒန်ကောလိပ် တက္ကသိုလ်မှ ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အဆိုပါ Nagatitan Chaiyaphumensis ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းကို ထိုင်းနိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာအနီး၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ Nagatitan Chaiyaphumensis ဒိုင်နိုဆောများ၏ ကိုယ်ခန္ဓာအလေးချိန်မှာ ၂၅ တန်နှင့် ၂၈ တန်ကြားတွင် ရှိကြောင်း၊ အဆိုပါဒိုင်နိုဆောများမှာ အသီးအရွက်စား ဒိုင်နိုဆောအမျိုးအစား ဖြစ်ကြောင်း လန်ဒန်ကောလိပ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ စတင်ကျင်းပ




ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အကြိမ် ၂၀ မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ မြန်မာကွန်ဗန်းရှင်း စင်တာတွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲများ စတင်ကျင်းပခဲ့ရာ Men's Juniors Bodybuilding Uner 21 Years ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို မလေးရှားနိုင်ငံ၊ ငွေတံဆိပ်ကို မြန်မာနိုင်ငံ၊ ကြေးတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ Men's Seniors Bodybuilding 55kg ပြိုင်ပွဲတွင် ရွှေတံဆပ်ကို ဗီယက်နမ်နိုင်ငံ၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်တို့ကို မြန်မာနိုင်ငံ၊ Men's Seniors Bodybuilding 60kg ပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်တို့ကို မြန်မာနိုင်ငံ၊ ကြေးတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ Men's Seniors Bodybuilding 65kg ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို မြန်မာနိုင်ငံ၊ ငွေတံဆိပ်ကို ထိုင်းနိုင်ငံ၊ ကြေးတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ Men's Senior Bodybuilding 70kg ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ ငွေတံဆိပ်ကို မလေးရှားနိုင်ငံ၊ ကြေးတံဆိပ်ကို မြန်မာနိုင်ငံ၊ Men's Master Bodybuilding Over 45 years ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံ၊ ငွေတံဆိပ်ကို ဖိလစ်ပိုင်နိုင်ငံ၊ ကြေးတံဆိပ်ကို မြန်မာနိုင်ငံ၊ Men's Sports Physique Up to 170 cm ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို မြန်မာနိုင်ငံ၊ ငွေတံဆိပ်ကို ထိုင်းနိုင်ငံ၊ ကြေးတံဆိပ်ကို မလေးရှားနိုင်ငံ၊ Men's Sports Physique over 170 cm ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို ထိုင်းနိုင်ငံ၊ ငွေတံဆိပ်ကို မြန်မာနိုင်ငံ၊ ကြေးတံဆိပ်ကို လာအိုနိုင်ငံ၊ Men's Fitness Physique One open Category ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို မြန်မာနိုင်ငံ၊ ငွေတံဆိပ်နှင့်ကြေးတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ Women's Fitness Physique One open Category ပြိုင်ပွဲတွင် ရွှေတံဆိပ်ကို ဗီယက်နမ်နိုင်ငံ၊ ငွေတံဆိပ်ကို မြန်မာနိုင်ငံ၊ ကြေးတံဆိပ်ကို ဗီယက်နမ်နိုင်ငံတို့က အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

ယနေ့ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် သုံးခုရရှိထားကာ နိုင်ငံအလိုက် အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး ပြိုင်ပွဲကို မေ ၁၈ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Italian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ကပ်စပါရှဒ် တက်ရောက်

ရောမ မေ ၁၆

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် အီတလီတင်းနစ်ကစားသမား ဒါဒီရီတို့ယှဉ်ပြိုင်ခဲ့ရာ ကပ်စပါရုဒ်က (၆-၁၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TNT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကပ်စပါရုဒ်အနေဖြင့် ချန်ပီယံလက်စွမ်းမျိုးပြသခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး Italian Open တင်းနစ်ပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်တို့တွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ယခုနှစ်တွင်မူ စွမ်းဆောင်ရည်ကောင်းများပြသကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကပ်စပါရုဒ်က "ဒီပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ မှတ်တမ်းကောင်းတွေ ရရှိထားပါတယ်။ အီတလီမြေမှာ ယှဉ်ပြိုင်ကစားရတာက ကျွန်တော့်အတွက်တော့ ကိုယ့်အိမ်ကွင်းမှာ ကစားရသလိုပါပဲ။ ကျွန်တော့်အတွက်တော့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဗိုလ်လုပွဲအဆင့်ကို ၁၀ ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဗိုလ်လုပွဲအဆင့်ပွဲစဉ်တွေမှာ ရခဲ့တဲ့အတွေ့အကြုံတွေကို အကောင်းဆုံးအသုံးချသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TNT

Trs : AZL



# ဘာစီလိုနာအသင်းမှ ထွက်ခွာမည်ဟု တိုက်စစ်မှူး လီဝမ်ဒေါ့စကီး ပြောကြား

ဘာစီလိုနာ မေ ၁၆

တိုက်စစ်မှူး လီဝမ်ဒေါ့စကီးသည် ဘာစီလိုနာအသင်းတွင် ဘောလုံးရာသီ လေးရာသီကြာ ကစားခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း Fotmob သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဝမ်ဒေါ့စကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲစုံ ၁၉၁ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ အသင်းနှင့်အတူ စပိန်လာလီဂါဖလား သုံးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား တစ်ကြိမ်၊ စပိန်စူပါဖလား သုံးကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။

လာမည့် ဇွန်လတွင် လီဝမ်ဒေါ့စကီးသည် ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်ပါအချက်အလက်များအရ ဘာစီလိုနာအသင်းက သက်တမ်းတစ်နှစ်တိုးခွင့်ရှိသော်လည်း အသင်းက ၎င်းကို စာချုပ်သက်တမ်းလှမ်းမှုမပြုလုပ်၍ အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

လီဝမ်ဒေါ့စကီးက" ကျွန်တော့်အနေနဲ့ ဘာစီလိုနာအသင်းမှာ ရည်မှန်းချက်ပြည့်မြောက်ခဲ့တယ်လို့ ခံစားရပါတယ်။ ဘောလုံးရာသီ လေးရာသီမှာ အမှတ်ပေးဖလား သုံးကြိမ်ထိရခဲ့တာပါ။ အခုချိန်ကတော့ ကျွန်တော်ထွက်ခွာဖို့ အသင့်တော်ဆုံးအချိန် ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို စမောလေနှင့် မက်နီလီတို့က ပူးတွဲဦးဆောင်

နယူးယောက် မေ ၁၆

အမေရိကန်နိုင်ငံ ပန်ဆယ်ဗေးနီးယားပြည်နယ်တွင် ကျင်းပနေသည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် စမောလေနှင့် မက်နီလီတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား လီမင်ဝူအပါအဝင် ပြိုင်ပွဲဝင် ခြောက်ဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည် နေကြသည်။

နာမည်ကြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဒီချန်ဘိုအပါအဝင် ကစားသမားအများစုမှာ Cut စာရင်းတွင် ပါဝင်ခဲ့သည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ကမ္ဘာ့အဆင့်(၂) မြောက် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းသည် ဒုတိယနေ့တွင် ရလဒ်ကောင်း ပြန်လည်ရရှိခဲ့ပြီးနောက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ တတိယနေ့ကို ဆက်လက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

မက်အီရွိုင်းက "Cut စာရင်းမှာပါသွားတဲ့ ပြိုင်ပွဲဝင်တွေအတွက်တော့ စိတ်မကောင်းပါဘူး။ သူတို့အကောင်းဆုံး လုပ်နိုင်ခဲ့ကြပါတယ်။ အမှတ်ပေးဇယားကို ဦးဆောင်နေသူတွေ အနေနဲ့လဲ ရလဒ် ကောင်းနေတာမျိုးတော့ မဟုတ်ပါဘူး။ ပြိုင်ပွဲအနေအထားအရ အမှတ်ပေးဇယားကို ဦးဆောင်သူကလဲ နေ့တိုင်း အပြောင်းအလဲရှိနိုင်တဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# မြန်မာယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ဆက်လက်ကျင်းပ



ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာယူ-၁၉ ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက မင်္ဂလာဒုံစီးတီးအသင်းနှင့် YCDC DT အသင်းတို့ကစားခဲ့ရာ YCDC DT အသင်းက ကိုးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် YRG FC အသင်းနှင့် ရွှိုင်ရယ်နိုကာ အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက ၁၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက ရွှေပြည်သာယူနိုက်တက်အသင်းနှင့် MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ၁၂ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲက Gold Dream အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ၁၉ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ယူနိုက်တက်စီးတီးအသင်းနှင့် ULAD FC အသင်းတို့ကစားခဲ့ရာ ULAD FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် Burmese Warriors အသင်းနှင့် JV FC အသင်းတို့ကစားခဲ့ရာ JV FC အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြသည်။

မြန်မာယူ-၁၉ ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို လာမည့် ဇွန် ၂၃ ရက်တွင် ပြန်လည် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက တရုတ်အသင်းကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိ




**ရန်ကုန် မေ ၁၆**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲက မြန်မာအသင်းနှင့် တရုတ်အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အောင်အောင်၊ ရဲထက်၊ သန့်ဇင်ထွန်းတို့က ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ကြပြီး လူစားဝင်ကစားသမားများအဖြစ် ဟန်ဝင်းထွဋ်၊ မင်းသန့်သူတို့ ပါဝင်ခဲ့ကြသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက တရုတ်အသင်းကို ခြေစွမ်းအသာစီးဖြင့် ဖိအားပေးယှဉ်ပြိုင်ကစားခဲ့ကာ ပထမပွဲငယ်တွင် ၁၅ မှတ် လေးမှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၁၅ မှတ် ရှစ်မှတ်ဖြင့်လည်းကောင်း နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အမျိုးသား သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မေ ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့်လည်းကောင်း ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# အမျိုးသားဘောလုံးအကယ်ဒမီ(မန္တလေးဇုန်)အတွက် သင်တန်းသားသစ် အပြီးသတ်လက်တွေ့ရွေးချယ်မှုစတင်

**မန္တလေး မေ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) က ကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အမျိုးသား ဘောလုံးအကယ်ဒမီများအတွက် သင်တန်းသားသစ် အပြီးသတ်လူရွေးချယ်ပွဲ (Final Selec-tion) အစီအစဉ်အဖြစ် အထက်မြန်မာပြည် မန္တလေးဇုန်၏ လက်တွေ့စစ်ဆေးမှုများကို ယနေ့ နံနက်ပိုင်းတွင်အမျိုးသားဘောလုံး အကယ်ဒမီ(မန္တလေး)၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဇုန်အပြီးသတ်ရွေးချယ်ပွဲတွင် မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ကလေးမြို့တို့မှ ပဏာမရွေးချယ်ခံထားရသည့် မျိုးဆက်သစ်လူငယ်ကစားသမားများသည် မေ ၁၅ ရက်က လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို လာရောက် အစစ်ဆေးခံခဲ့ကြပြီးနောက် ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ မှစတင်ကာ ကွင်းအတွင်း လက်တွေ့စွမ်းရည် ပြသရသည့် ရွေးချယ်မှုအဆင့်ကို တက်ကြွစွာ လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါလက်တွေ့ လူရွေးချယ်ပွဲကို မေ ၁၆ ရက်(**ယနေ့**)နှင့် ၁၇ ရက်တို့တွင် စနစ်တကျကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ မစ္စတာမိတ ဦးဆောင်သည့် နည်းပြအဖွဲ့ဝင်များက လူငယ်များ၏ ဘောလုံးကျွမ်းကျင်မှု၊ ကြံ့ခိုင်မှု၊ နည်းဗျူဟာနားလည်မှုတို့ကို သေချာစွာစိစစ်အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်သည်။

ရန်ကုန်ဇုန်နှင့် မန္တလေးဇုန်တို့မှ စိစစ်ရွေးချယ်မည့် မျိုးဆက်သစ်အကယ်ဒမီသင်တန်းသားသစ် အပြီးသတ်လူစာရင်းကို လာမည့် မေ ၂၂ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ MFF Official Facebook Page မှ တရားဝင် ထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# စကော့တလန်ပရီးမီးယားရှစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် ဆဲလ်တစ်အသင်းက ဟတ်အသင်းကိုအနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူး

**ဒဗ္ဗလင် မေ ၁၆**

စကော့တလန် ပရီးမီးယားရှစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် ဆဲလ်တစ်အသင်းနှင့် ဟတ်အသင်းတို့ကစားခဲ့ရာ ဆဲလ်တစ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲချိန် ၄၃ မိနစ်၌ ရှန့်လန်းက ဟတ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပို လေးမိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အန်ဂျယ်ကချေပဂိုး၊ ပွဲချိန် ၈၇ မိနစ်တွင် မာအီဒါ၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို ရှစ်မိနစ်တွင် အော့စမန်တို့က ဆဲလ်တစ်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဆဲလ်တစ်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စကော့တလန် ပရီးမီးယားရှစ် ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် နောက်ဆုံးပွဲစဉ်ထိ ဆဲလ်တစ်အသင်းနှင့် ဟတ်အသင်းတို့ အကြိတ်အနယ် ကစားခဲ့ရပြီး ဆဲလ်တစ်အသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

စကော့တလန်ပရီးမီးယားရှစ် ပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုထိ ဟတ်အသင်းက ရမှတ် ၈၀ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်ခဲ့ပြီး ဆဲလ်တစ်အသင်းကလည်း ရမှတ် ၇၉ မှတ်ဖြင့် အဆင့်(၂)နေရာမှ ချန်ပီယံဆုအတွက် ဖိအားပေးကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်တစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် စကော့တလန်ပရီးမီးယားရှစ် ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် စုစုပေါင်း ချန်ပီယံဆု ၅၆ ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**



# စပိန်လာလီဂါပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်းမှ လမိုင်းယာမယ် ဆွတ်ခူး

**ဘာစီလိုနာ မေ ၁၆**

ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား လမိုင်းယာမယ်က ဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ လမိုင်းယာမယ်သည် ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲ၌ ဘာစီလိုနာအသင်း ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့ပြီးနောက် အသင်းဖော်များဖြစ်သည့် ပက်ဒရီ၊ ရာဖင်ဟာတို့ကို ကျော်ဖြတ်ကာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လမိုင်းယာမယ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၂၈ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်နိုင်သည်ထိ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လမိုင်းယာမယ်သည် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု အတွက်လည်း ရေပန်းစားလာခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : STA**




# IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ခွင့်အတွက် ပက်ဒီက ကာရင်ကိုအနိုင်ရ

**မန်ဟိမ်း မေ ၁၆**

IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်အတွက် အိုင်ယာလန်လက်ဝှေ့သမား ပက်ဒီနှင့် ယူကရိန်းလက်ဝှေ့သမား ကာရင်တို့ မေ ၁၅ ရက်တွင် ဂျာမနီနိုင်ငံ မန်ဟိမ်းမြို့၌ ထိုးသတ်ခဲ့ရာ ပက်ဒီက Mid Decision ဖြင့် အနိုင်ရခဲ့ကြောင်း Bad Left Hook သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ဒီသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်က IBF ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် အိုင်ယာလန်လက်ဝှေ့သမား ခရော့ကာနှင့် နှစ်ကြိမ်ထိုးသတ်ခဲ့ရာ နှစ်ကြိမ်လုံး၌ ရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်ဖြင့် လွဲချော်ခဲ့ရသော်လည်း ချန်ပီယံကို ပြန်လည်ထိုးသတ်လိုသောကြောင့် ချန်ပီယံစိန်ခေါ်ခွင့်အတွက် ကာရင်နှင့်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက (၁၁၄-၁၁၂) ရမှတ်၊ (၁၁၅-၁၁၁) ရမှတ်ဖြင့် ပက်ဒီကိုအနိုင်ပေးခဲ့ပြီး ကျန်ဒိုင်တစ်ဦးက (၁၁၃-၁၁၃) ရမှတ်ဖြင့် သရေရလဒ်သာ သတ်မှတ်ခဲ့သည်။

ပက်ဒီက "ဒီပွဲစဉ်ဟာ ကျွန်တော့်အတွက် သိပ်ကိုအရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ချန်ပီယံကို ပြန်စိန်ခေါ်နိုင်ဖို့အတွက် ဒီပွဲစဉ်မှာ အနိုင်ရဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ဒီပွဲစဉ်အတွက် အများကြီးပြင်ဆင်ခဲ့ရပါတယ်။ သေချာပြင်ဆင်လာခဲ့လို့လဲ အခုလိုမျှော်လင့်ထားတဲ့ ရလဒ်ကို ရယူနိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Bad Left Hook**
**Trs : AZL**

# စာဘူးတောင်း (The Family) ရုပ်ရှင်ဇာတ်ကား Film Press Conference အခမ်းအနားပြုလုပ်




ရန်ကုန် မေ ၁၆

A Twenty Three Film Production က ရိုက်ကူးထုတ်လုပ်မည့် စာဘူးတောင်း (The Family) ရုပ်ရှင်ဇာတ်ကား Film Press Conference အခမ်းအနားကို မေ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Myawaddy Media Center ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စာဘူးတောင်း (The Family) ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို အာကာစိုးဦးက ရေးသားထားပြီး အာကာစိုးဦးနှင့် လီလီကျော်ခိုင်တို့က ဇာတ်ညွှန်းရေးသားကာ ဇာတ်ညွှန်းအကြံပေးအဖြစ် အကယ်ဒမီ ဆွေဇင်ထိုက်က ဆောင်ရွက်မည်ဖြစ်ပြီး ဒါရိုက်တာ အာကာစိုးဦးက တာဝန်ယူပုံဖော် ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီရုပ်ရှင်ဇာတ်ကားကို အချိန်တွေ အများကြီးယူပြီး ပြင်ဆင်ထားပါတယ်။ နိုင်ငံတကာထိ တက်လှမ်းနိုင်ဖို့ ကြိုးစားထားပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူတိုင်းရဲ့ အကြီးဆုံးရည်မှန်းချက်လို့လဲ ပြောလို့ရတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အကြီးဆုံးသော Festival မှာ ရွေးချယ်ခံရအောင် ကျွန်တော် ကြိုးစားသွားမယ်။ အခုနောက်ပိုင်း ရုပ်ရှင်တွေကို နိုင်ငံတကာနဲ့ ချိတ်ဆက်မှုတွေရှိဖို့ ပါဝင်သရုပ်ဆောင်တဲ့သူတွေကိုလဲ သေချာပြင်ဆင်ပြီး ဖန်တီးချပြသွားမှာပါ"ဟု ဒါရိုက်တာ အာကာစိုးဦးက ပြောပြသည်။

စာဘူးတောင်း (The Family) ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဝေဠုကျော်၊ ဟိန်းဝေယံ၊ စိုင်းစည်သွဲမ်မိုး၊ စိုးမြတ်သူဇာ၊ လီလီကျော်ခိုင်၊ ခိုင်သဇင်ဝါနှင့် အနုပညာရှင်များစွာပါဝင်မည်ဖြစ်ပြီး မေ ၁၈ ရက်မှ စတင်ရိုက်ကူးပုံဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ချွေးမကြိုပွဲ ရုပ်သံဇာတ်လမ်းကို မေ ၂၃ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

ရန်ကုန် မေ ၁၆

SKYPREMIER HD ရုပ်သံလိုင်းမှ ချွေးမကြိုပွဲ ရုပ်သံဇာတ်လမ်းကို မေ ၂၃ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းထံမှ သိရသည်။

ချွေးမကြိုပွဲ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင်(စန္ဒီးဂိုက်)က ရေးသားထားပြီး ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးဂိုက်)က ခင်ဗီဒီယို ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းမှာ မေတ္တာတရားနဲ့ အချစ်တို့ရဲ့ ပုံသွင်းခြင်း အတတ်ပညာကို မြင်ရမှာပါ။ ငယ်ရွယ်မှု၊ အတ္တနဲ့ အရိုင်းစိုင်းဆုံးစတဲ့စရိုက်တွေ စုပြုံနေတဲ့ ချွေးမ




တစ်ယောက်ကို အမုန်းတရားတွေနဲ့ မဟုတ်ဘဲ မေတ္တာ၊ အချစ်တွေနဲ့ပဲ အနိုင်ယူပုံသွင်းပြမဲ့ မိသားစုတစ်စုအကြောင်းကို ပုံဖော်ထားပါတယ်။ ယောက္ခမတွေရဲ့ ကြီးမားတဲ့သည်းခံခြင်း မေတ္တာနဲ့ ခင်ပွန်းဖြစ်သူရဲ့ မပြောင်းလဲတဲ့ အချစ်တွေ ပူးပေါင်းတိုက်စစ်ဆင်တဲ့အခါမှာ အချစ်နဲ့မေတ္တာရဲ့ အင်အားက ဘယ်လောက်တောင် အစွမ်းထက်လဲဆိုတာ ဒီဇာတ်လမ်းလေးမှာ မြင်တွေ့ရမှာပါ" ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

အဆိုပါ ချွေးမကြိုပွဲ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရန်အောင်၊ အောင်ရဲလင်း၊ မေသဇင်အောင်၊ မာယုသာစသည့် အနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# နှင်းဆီဆူး ဇာတ်လမ်းတွဲကို မေလစတုတ္ထပတ်အတွင်း Shwe Nadi Application မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် မေ ၁၆

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် နှင်းဆီဆူး ဇာတ်လမ်းတွဲကို Shwe Nadi Application မှ မေလ စတုတ္ထပတ်အတွင်း ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း အဆိုပါ နှင်းဆီဆူး ဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ဘုန်းသက်ပိုင်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ နှင်းဆီဆူး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဘုန်းသက်ပိုင်စိုးက ရေးသားထားပြီး ချစ်စုခင်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ဘုန်းသက်ပိုင်စိုးက ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"မိန်းမလှလေး သုံးယောက်ရဲ့ ခပ်မိုက်မိုက် အက်ရှင်တွေကို တဝကြီး ကြည့်ရမဲ့ အက်ရှင်ဒရာမာ ဇာတ်လမ်းတွဲပါ။ သိပ်မတွဲဖူးသေးတဲ့ စတိုင်ကျကျသရုပ်ဆောင်တတ်တဲ့ မင်းသားတွေနဲ့ မိန်းမလှလေး သုံးယောက်ကို တွဲပေးထားပါတယ်။ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်မာမာနဲ့ အက်ရှင်ဒရာမာဇာတ်လမ်းလေး တစ်ပုဒ်ကို ကြည့်ခွင့်ရမှာပါ" ဟု ဒါရိုက်တာ ဘုန်းသက်ပိုင်စိုးက ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် နှင်းဆီဆူး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချာလီငြိမ်း၊ နေထွဋ်၊ ဟင်နရီစံ၊ ဘုဏ်းသိုက်၊ ဘိုလေး၊ မေဂရေ့စ်၊ အိမ်ဆိုင်းလှူ၊ အဒီရာဦးနှင့် အခြားသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Flesh of the Gods ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း စတင်နေ

နယူးယောက် မေ ၁၆

Flesh of the Gods အမည်ရှိ သွေးစုပ်ဖုတ်ကောင် ထိတ်လန့်သည်းဖိုဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို စပိန်နိုင်ငံ ကနေဒီကျွန်းစု၌ စတင်နေပြီဖြစ်ကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

Flesh of the Gods ဇာတ်ကားတွင် မင်းသမီး ခရစ္စတန်စတီးဝပ်နှင့် မင်းသား ဝဂ္ဂနာမိုရာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် လော့စ်အိန်ဂျလိစ်မြို့တော်ကို နောက်ခံထား ရိုက်ကူးမည့် Flesh of the Gods ဇာတ်ကား၌ သွေးစုပ်ဖုတ်ကောင် လောကထဲ ရောက်ရှိခဲ့ရသည့် ဇနီးမောင်နှံအဖြစ် မင်းသမီး ခရစ္စတန်စတီးဝပ်နှင့် မင်းသား ဝဂ္ဂနာမိုရာတို့က သရုပ်ဆောင်ရမည်ဖြစ်သည်။

Flesh of the Gods ဇာတ်ကားကို ဒါရိုက်တာ ပါးနော့ကော့မားတော့က တာဝန်ယူရိုက်ကူးနေကြောင်း သိရသည်။

Flesh of the Gods ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒရူးကီဗင်က ရေးသားပေးထားသည်။

Flesh of the Gods ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Please ရုပ်ရှင်ဇာတ်ကား၌ မင်းသား ကော်နာစတိုရီ ပါဝင်ဖွယ်ရှိ

နယူးယောက် မေ ၁၆

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Please အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ကော်နာစတိုရီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း မေ ၁၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Please ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသား ကော်နာစတိုရီနှင့် A 24 ရုပ်ရှင်ကုမ္ပဏီတာဝန်ရှိသူများကြား ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ကော်နာစတိုရီသည် Please ဇာတ်ကား၌ မင်းသမီး ဂရာစီအေဘရမ်၊ မင်းသားတွမ်ဘဲ့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Please ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဟယ်လီနာရီဂျင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ၎င်းကိုယ်တိုင် ရေးသားထားသည်။

လက်ရှိတွင် Please ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

Please ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# President of the Republic of Union of Myanmar U Min Aung Hlaing meets local elders, and MSME entrepreneurs from Pyin Oo Lwin

## All-inclusive efforts needed for town development as undertakings for town-wise development amounts to building a better country




President U Min Aung Hlaing meets local elders, and MSME entrepreneurs from Pyin Oo Lwin.

**Nay Pyi Taw May 16**

President of the Republic of Union of Myanmar U Min Aung Hlaing met local elders, and MSME entrepreneurs from Pyin Oo Lwin, Mandalay Region, at Pyin Oo Lwin town hall this afternoon, and discussed regional development.

Also present were union ministers, U Khin Maung Yi, U Mya Tun Oo, U Tin Oo Lwin, U Min Naung, U Myo Zaw Thein, U Hsan Oo and U Myo Thant, Mandalay Region Chief Minister U Myo Aung, senior military officers from Office of the Commander-in-Chief, the Region Hluttaw speaker, the Central Command commander, region ministers, region, district and township level departmental personnel, and officials.

**Presentations on regional development undertakings, requirements and matters relating to regional development**

The Pyin Oo Lwin District Management and Administration Committee Chairman presented local points, progress in implementing the directives on town water supply, rural development, tourism promotion and greening given by the Head of State during his visit to Pyin Oo Lwin, cultivation of main crops and targeted crops, achievement in livestock breeding, local food sufficiency, loans provided for MSMEs from national economic development funds, endeavours for MSME development, coffee cultivation and export, education development undertakings, MSME businesses in the district, turning Pyin Oo Lwin into a coffee city and health city, health and education promotion, ongoing rural development undertakings in Pyin Oo Lwin, planned undertakings for socioeconomic development of the local within the first 100-day period of the current government.

Local elders and MSME entrepreneurs said local people express gratitude for the President for his continuous efforts for socioeconomic development of the people of Pyin Oo Lwin area. They reported on launching of annual tree planting ceremonies with greater momentum for environmental conservation in accord with the guidance of the Head of State and extension of the activity till reaching village-tracts and sub-villages, production of coffee and wine under the one village one product program in Pyin Oo Lwin and the need to acquire quality strains, the gratitude expressed by the town people for halting floods in Pyin Oo Lwin after repairing the Gaelaung creek, milk, cream and butter production in Pyin Oo Lwin and the need to import machinery required for further improving the quality of the products. They then asked permission to import advanced machinery for coffee industry as coffee sown acreage is increasing and more loans from national economic development funds, more land for coffee factories for facilitation of coffee industry, and expressed thanks for disbursing soft loans from national economic development funds.

**Clarifications by union ministers and chief minister**

In response, the union ministers explained State's endeavours for public transportation development, efforts to resume Zeebingyi-Pyin Oo Lwin-Kyaukme railroad and operation of Gokhteik sightseeing train ride to promote tourism, upgrading of Anisakhan airport, a meeting with farmers and fulfil their needs for progress of damson cultivation and production, procedures for fulfilling the needs to set up coffee zones and to provide machinery, efforts to develop coffee sown acreage and production in Myanmar alongside the increase in coffee consumption, the need to conduct farming activities in accord with the set rules, endeavours for socioeconomic development of rural people through cooperative farming system for progress of rural agriculture, livestock and economy, environmental conservation in the entire country and forest plantation and protection in Pyin Oo Lwin area, provision of loans in accord with the rules for MSME development. The chief minister gave a supplementary clarification, saying that the region government will look into the requirements in accord with the policies adopted by the government.



President U Min Aung Hlaing inspects local MSME products.

**Discussion and guidance on regional development**

Following this, the President discussed matters regarding the development of the Pyin Oo Lwin region, noting that during his previous visits to Pyin Oo Lwin, he observed a need for systematic city roads, leading to the upgrading of five major roads in Wards 8 and 10, which have now been successfully opened. He mentioned that Pyin Oo Lwin is inhabited by both locals and those who have relocated from other regions. He emphasized that just as the State is working for the development of Pyin Oo Lwin, residents themselves must also cooperate. He added that it is necessary to continuously maintain their respective homes and compounds to ensure cleanliness, neatness, and greenery.

He noted that if one compares the Pyin Oo Lwin region to its condition about two decades ago, it can be clearly seen that it has developed significantly. He added that Pyin Oo Lwin is a city blessed with a naturally cool, pleasant climate and is an excellent place to live. Therefore, he is establishing policies to transform Pyin Oo Lwin into a healthcare city. He also observed that as the urban population grows denser, daily waste disposal increases accordingly. Consequently, he emphasized the need to utilize this discarded waste effectively for activities such as generating electricity required for the city.

He stated that as Pyin Oo Lwin is a tourist city, improving its environmental cleanliness and scenic beauty will attract a greater number of domestic and international visitors, thereby enhancing its reputation as an excellent travel destination. He noted that to supply the food requirements of both visiting tourists and local residents, measures must be taken to ensure the sufficient local production of meat, fish, and eggs. He added that to make Pyin Oo Lwin appealing to visitors, local food products, traditional clothing, snacks, and regional crops should be sold at reasonable prices, and the city's reputation should be promoted through good hospitality and friendly services.

He also stated that Pyin Oo Lwin is a region where various flowers and seasonal crops thrive, and it is also highly suited for growing cherry trees. He noted that this is why Pyin Oo Lwin is affectionately referred to as the Cherry City or the Flower City. He emphasized that in maintaining its status as a flower city,

*See Page 12*

# President of the Republic of the Union of Myanmar U Min Aung Hlaing attends opening of five upgraded major roads in Ward 8 and Ward 10 of Padetha Myothit in Pyin Oo Lwin



President U Min Aung Hlaing sprinkles scented water on the stone plaque to mark the inauguration of five major roads in Ward 8 and Ward 10 of Padetha Myothit in Pyin Oo Lwin.



President U Min Aung Hlaing greets local residents.

**Nay Pyi Taw May 16**

A ceremony to inaugurate five major upgraded roads namely Nawarat, Theingi, Pyithaya, Yadana and Marlar Yuzana completed under the 100-day plan of the new government in Ward 8 and Ward 10 in Padetha Myothit of Pyin Oo Lwin in Mandalay Region was held on Theingi Road this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing.

The ceremony was also attended by Union Ministers U Khin Maung Yi, U Mya Tun Oo, U Min Naung, U Myo Zaw Thein, U Hsan Oo and U Myo Thant, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, the commander of Central Command, the Speaker of the region Hluttaw, the Chief Justice, the deputy speaker of the Region Hluttaw, regional ministers, departmental officials and local people.

On arrival at the venue for the ceremony, the President and party were warmly welcomed by traditional ethnic dance troupes and residents.

The Region Chief Minister reported on the upgrade of the roads.

Union Ministers U Khin Maung Yi, U Mya Tun Oo and U Min Naung and the region Chief Minister cut the ribbon to inaugurate the road.

The President unveiled the stone plaque to mark the inauguration of five major roads in Ward 8 and Ward 10 of Padetha satellite town of PyinOoLwin and sprinkled scented water on it.

Union ministers and attendees also sprinkled scented water on the plaque.

The President and party had documentary photos taken in commemoration of the inauguration of the five major ugraded roads.

The President and party strolled along already-opened Theingi Road and cordially greeted departmental personnel and residents.

The President and party inspected these five roads by car.

As Pyin Oo Lwin is a peaceful and beautiful hill station where local and foreign travellers visit, overall sectors of the town are being upgarded in accord wit the guidance of the President to expand urban development tasks meeting the international standard. Yesterday, five major upgraded roads namely Nawarat, Theingyi, Pyithaya, Yadana and Marlar Yuzana roads opened in Ward 8 and Ward 10 of Padetha satellite town of PyinOoLwin under the 100-day plan of the new government had been constructed since the establishment of Padetha satellite town. Although these roads were originally built as two-lane roads, they were not adequate for two vehicles to pass each other. Hence, five roads in 32,813 feet in total length were upgraded to the 24 feet wide ones. In accord with the motto that all towns and villages must be modernized as quickly as possible, the Pyin Oo Lwin Township Development Committee is carrying out the upgrade of urban roads meeting the town characteriatics under the instructions of superiors. From 2021 to 2026, the committee upgraded 16 asphalt roads in 12 miles and four furlongs in total length. It is reported that, in line with the guidance and instructions of the President, comprehensive urban development and expansion projects are being implemented to upgrade Pyin Oo Lwin into an internationally standardized city, and local residents of Pyin Oo Lwin are greatly proud, delighted, and grateful for these efforts.

100

---

*From Page 11*

efforts must be made to cultivate native flower species more successfully. Similarly, he mentioned that plum cultivation has been carried out since the past and has served as a signature product of Pyin Oo Lwin. He urged officials to make arrangements to increase the cultivation and production of plums even further. He added that the production of other orchard crops, including avocado, orange, and macadamia, must also be expanded. Furthermore, as mulberry trees thrive in the area, silk thread production industries based on mulberry cultivation can be undertaken, which can be developed as a long-term signature product of the Pyin Oo Lwin region.

Regarding livestock breeding, he noted that the Pyin Oo Lwin region has long been well-known for its production of milk and dairy products, which are found to be of high quality. He explained that as the country has to import milk and dairy products from abroad every year, it is necessary to improve dairy cow farming. Therefore, he expressed his desire to see dairy cow breeding industries developed and expanded further in the Pyin Oo Lwin region.

He stressed that environmental conservation works in the Pyin Oo Lwin region must be carried out continuously. Noting that forests and trees maintain cool temperatures, he urged officials to supervise the planting and conservation of forests and trees. He stated that tree planting must be carried out using a system where every planted tree survives. By conserving forests and trees, a balanced climate can be established and water resources can be preserved. While the State is working to ensure a sufficient water supply for Pyin Oo Lwin, water must be used efficiently. Similarly, as the rainy season has arrived, it is necessary to ensure proper drainage in waterways and continuously carry out waste clearance.


Regarding education, PyinOoLwin has a strong and longstanding tradition of academic excellence. Around 25 percent of schools in the town are privately operated and are making significant efforts to enhance educational standards. Government schools should likewise support the advancement of the education sector, and all schools must be managed systematically in accordance with established rules and regulations. Students should be taught the full curriculum prescribed for their respective grade levels so that they gain a thorough understanding of the subjects they study. We must nurture children into educated and disciplined young people who possess patriotism, love for their country, and respect for others. Improving school enrollment rates and expanding access to higher grade levels will make a major contribution to the personal development of our children and to the future progress of the nation. Therefore, decisive action is needed. During our term in office, we will place special emphasis on the education sector. In the 2026–2027 fiscal year, 6.92 percent of the State budget will be allocated to the Ministry of Education for educational development. When education-related expenditures by other ministries are included, the total allocation will reach 9.22 percent of the State budget. In the following fiscal year, at least 10 percent of the State budget will be devoted to education, with the share rising to 15 percent in subsequent years and reaching 20 percent within the five-year term of our government. Accordingly, we aim to make PyinOoLwin a model town for educational development.


Regarding the sports sector, the district sports ground is currently being renovated, and there is a need to develop recreation areas, parks, and sports facilities in every ward. Such infrastructure will help children and young people improve their health and physical fitness through regular physical activities. To further promote sports among youth, efforts should begin at the basic education school level. It is also important to systematically develop sports fields, playgrounds, and recreational spaces across all wards to support wider participation in sports and community well-being.


A public movement should be encouraged to promote the construction of sanitary latrines and water closets in rural areas. At the same time, libraries need to be established and expanded. Every middle school and each village should have access to a library. It is also important to ensure that these libraries are well-stocked with

*See Page 13*

# Government personnel and supply-laden vehicles return to Mandalay to restore state administrative mechanisms in towns and villages along Mandalay-Myitkyina corridor


Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having traveled from Mandalay to Myitkyina.


Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having traveled from Mandalay to Myitkyina.


Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having traveled from Mandalay to Myitkyina.


Vehicles carrying government personnel and goods departing from Myitkyina back to Mandalay, after having traveled from Mandalay to Myitkyina.

**Nay Pyi Taw May 16**

On May 6, the military fully reopened and brought back under control the Mandalay-Myitkyina communication route, which connects Mandalay Region to Sagaing Region and Kachin State. This critical infrastructure is vital for the development of northern Myanmar, an area that had been temporarily blocked by armed insurgents. The route passes through the towns of Madaya, Thabeikkyin, Tagaung, Htigyaint, Katha, Indaw, Mawlu, Nansiaung, Mohnyin, Mogaung, and Myitkyina. Prior announcements on May 12 confirmed that under the coordination of the government and the military, personnel and supplies were dispatched from Mandalay to Myitkyina to achieve several objectives: restore state governance mechanisms in the affected areas, ensure the well-being and livelihood of local ethnic people returning to their homes, ensure the timely delivery of school textbooks and stationery before the start of the school term, meet medical supply needs for healthcare services, and address other requirements. Essential goods transported included basic foodstuffs, consumer items, construction materials, medicines and medical supplies, schoolbooks, and fuel.

The cargo vehicles that had arrived in Myitkyina departed from that city on May 15. They traveled back via Mogaung, Mohnyin, Nansiaung, Mawlu, Indaw, Katha, Htigyaint, Tagaung, Thabeikkyin, and Madaya, arriving in Mandaloy city this evening.

Cargo trucks traveling from Myitkyina to Mandalay carried local goods from towns and villages along the route for sale in Mandalay, along with departmental staff and their families delayed by difficult road conditions while transferring to new postings, employees heading to training courses, and residents traveling to Mandalay for medical treatment.

With the reopening of the Mandalay–Myitkyina transport route, passenger vehicles and cargo trucks are now operating normally, allowing local residents to travel and conduct trade smoothly while benefiting from improved peace and stability. They expressed gratitude to the State Government and the Tatmadaw for the resumption of development activities in various sectors, including healthcare and education for students and youth. It is also reported that security forces are cooperating with departmental staff and local residents in ongoing efforts to support the restoration of these areas. 100

---

*From Page 12*

books that enhance knowledge and practical skills. In addition, reading promotion activities should be organized to foster a stronger reading culture among the public. Such efforts will not only support learning beyond formal education but will also contribute to increasing the number of knowledgeable and skilled individuals in society.

MSMEs can run operations when they have raw materials, capital, inputs and human resources. Even developed countries can enjoy economic growth based on SMEs and they are continuing to do so. It is necessary to develop foodstuff industries by using local raw materials and to manufacture consumer products needed in the domestic market. By boosting domestic production and exporting products to other countries, foreign exchange incomes will increase. The government will encourage the development of MSMEs. As towns are parts of the State, making efforts for development of each town amounts to building a better country and I would like to urge local residents and departmental staff to make concerted efforts for development of their towns.

After the meeting, the President and party inspected the products and local foodstuffs manufactured by MSMEs in Pyin Oo Lwin and gave necessary instructions on reports of officials.

In the afternoon, the President and party arrived at the construction site of the entrance road to the Central Fire Services Training School on Mandalay-Lashio Road and inspected construction works while the union minister for construction and officials reported to the President on construction of the new road.

After hearing the reports, the President gave instructions on completion of construction work before the rainy season, construction of conduits for proper drainage along the road, the need to grow shady and windbreak trees in the road area and others.

Then, the President inspected road and bridge construction works along the road and viewed the inside of the fire services training school by car.

Afterward, the President arrived at the Yadanabon Teleport Building in Yadanabon New City Project near Pyinsa Village and Union Minister for Construction U Myo Thant reported to the President on salient points of the project, implementation of instructions of the Head of State given during his visit to the new city project in December, 2025, implementation plans and measures taken for construction of roads and water and electricity supply. Union Minister for Transport and for Digital Development and Communications U Mya Tun Oo reported to the President on organizing the Digital Myanmar Technological Conference and exhibition and outcomes and greening tasks for the new city project area.

After hearing the reports, the President pointed out the needs to implement solar electricity generation tasks to supply water and electricity in the new city project area, to construct earthquake-resistant buildings, to utilize water resources fully for greening the project area, for relevant ministries to take measures for development of digital, IT and AI development in the project area, for participating companies to manufacture equipment to support development of digital, IT and AI only, to take measures for facilitation of provision of staff quarters, transport and administrative matters, to develop a master plan systematically and to carry out greening tasks after developing the master plans and gave instruction on other requirements.

Afterward, the President and party inspected the new city project area by car. 100

# 18 illegal Chinese nationals arrested and online fraud/ gambling equipment & structures seized near Thanlwin River in Mongshu-Mongsan Area, Mongshu Township, southern Shan State



Eighteen illegal Chinese nationals arrested near the Thanlwin River in the vicinity of Lwesaunghtauk village, Mongshu Township.



Structures used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong village, east of Mongsan town, Mongshu Township.



Residential huts used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong village, east of Mongsan town, Mongshu Township



Residential huts and a kitchen hut used for online fraud and gambling operations, seized on the west bank of the Thanlwin River near Hopong village, east of Mongsan town, Mongshu Township.

**Nay Pyi Taw May 16**

The government is effectively identifying and taking action against online gambling and financial fraud operations. In cooperation with international partners, it is resolutely cracking down on cyber fraud and gambling activities. On May 15, near the Thanlwin River in the Lwesaunghtauk village area, Mongshu Township, southern Shan State, 18 illegal Chinese nationals were apprehended. Additionally, equipment and structures used for online fraud and gambling were seized near Hopong village, Mongshu Township, on the west bank of the Thanlwin River.

A joint team comprising security forces conducted searches in the Mongshu-Mongsan area along the west bank of the Thanlwin River in Mongshu Township, Loilem District, southern Shan State, to prevent online fraud and gambling operations. At approximately 9:30 AM on May 15, around 26 kilometers southeast of Mongshu town and 11 kilometers southeast of Lwesaunghtauk village, near the Thanlwin River, the team arrested 18 Chinese nationals who had illegally entered and resided in the country.

Similarly, another joint team of security forces carried out searches along the Thanlwin River bank. Around 11:00 AM, approximately 26 kilometers east of Mongsan town and 9 kilometers east of Hopong village, on the west bank of the Thanlwin River, they discovered and seized facilities used for online fraud and gambling. These included two demolished residential dormitories (100 feet long by 30 feet wide each), one operational hut (100 feet long by 30 feet wide), 30 bamboo huts (10 feet by 10 feet each), and one dining hut (10 feet by 10 feet).

Necessary interrogations are being conducted regarding those arrested, and follow-up actions are being taken to ensure effective legal prosecution. Authorities are also investigating and will take strong legal action against those involved behind the scenes.

Viewing the fight against online fraud and gambling—which poses a global threat—as a national duty, the government is actively identifying and taking action, both with domestic forces and in coordination with neighbouring governments, to ensure these operations cannot establish a foothold in Myanmar. Furthermore, regional and state authorities are resolutely investigating, arresting, and prosecuting such activities, including online gambling and financial fraud. Joint security teams are conducting rigorous searches and identifications. The Myawady team urges the public to contribute to the national good by promptly reporting any information about such criminal activities in their vicinity.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၁၆၀ စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း မေ ၁၆**


စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၁၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၁၆၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိအချိန်မှာတော့ မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၉၁၆၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်စေရေး၊ သဘာဝမြေသြဇာ သုံးစွဲစေရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက် ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)



၂၀၂၆ ခုနှစ် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ရက်ပြပုံ။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ ဝင်ရောက်

**နေပြည်တော် မေ ၁၆**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတစ်လအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၀၀၀၀ ထိသာ ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ငါးကွမ်းရှပ်ငါးခြောက်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်ကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်းပိဿာချိန် ၅၄၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက နွေကလုပ်ထားတဲ့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်တယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၁၀ လျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၃၅၀၀၀၀ မှ ၆၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် ဟိုမန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး



**တန့်ယန်း မေ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုမန်းကျေးရွာအုပ်စု ဟိုမန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ဟိုမန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဟိုမန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ ခြောက်လက်မ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၄ ဒသမ ၇ သိန်း ၊ စုစုပေါင်းငွေကျပ် ၁၆၄ ဒသမ ၇ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။

**သူသူ**

# နောင်မွန်မြို့နယ် ကဆန်ခူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နောင်မွန် မေ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကဆန်ခူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကဆန်ခူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၂ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုညဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသားအသင်းသူ ၂၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၀ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်ထံမှ သိရသည်။

**အောင်ရဲကျော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

## မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းသည် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုများပြားစွာဖြင့် လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန် ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည် ပိုမိုကောင်းမွန်လာမည်ဖြစ် . . .**

**ပြင်ဦးလွင်မြို့သို့လာရောက်သည့်ခရီးသွားများ လာချင်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့်ရောင်းချပြီး ခရီးသွားများကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လို . . .**

### ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်မြို့ရေရရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့နှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များကို လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကသီးနှံများ၊ ပန်းတိုင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုနှင့် ဒေသတွင်းဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများမှ MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီများစိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်ဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အစိုးရသစ် ပထမရက် ၁၀၀ ကာလအတွင်း ဒေသနှင့်ဒေသခံတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ လျာထားဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များက နိုင်ငံတော်သမ္မတကြီးအနေဖြင့် ပြင်ဦးလွင်ဒေသအတွင်း လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက ကျေးဇူးအထူးတင်ရှိလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြင်ဦးလွင်မြို့တွင် နှစ်စဉ်သစ်ပင်စိုက်ပွဲများကို အရှိန်အဟုန်ဖြင့် ကျင်းပပြုလုပ်၍ စိုက်ပျိုးလျက်ရှိမှုနှင့် သစ်ပင်စိုက်ပျိုးမှုများကို ကျေးရွာအုပ်စု၊ ကျေးရွာခွဲများထိ စိုက်ပျိုးစေလိုမှု၊ ပြင်ဦးလွင်မြို့တွင် ကော်ဖီနှင့် ဝိုင်ထုတ်လုပ်မှုကို One Village One Product အဖြစ်လုပ်ဆောင်လျက်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးပြည့်မီသောမျိုးကောင်းမျိုးသန့်ပျိုးပင်များ လိုအပ်လျက်ရှိမှု၊ ဂဲလောင်ချောင်းပြုပြင်ပြီးနောက်ပိုင်း ပြင်ဦးလွင်မြို့အတွင်း ရေကြီးရေလျှံမှုမရှိတော့သည့်အတွက် မြို့သူမြို့သားများအနေဖြင့် အထူးကျေးဇူးတင်ရှိလျက်ရှိမှု၊ ပြင်ဦးလွင်ဒေသတွင်းနွားနို့နှင့်နို့ထွက်မလိုင်၊ထောပတ်များထုတ်လုပ်လျက်ရှိမှုနှင့်အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှု၊ ဒေသအတွင်း ကော်ဖီများစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာသည်နှင့်အညီ နည်းပညာမြင့်စက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ ကော်ဖီထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဖြစ် ထုတ်လုပ်ရာ၌ အဆင်ပြေစေရန်အတွက် ကော်ဖီစက်ရုံများအတွက် မြေနေရာဖော်ဆောင်ပေးစေလိုမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နိုင်ငံတော်က ထုတ်ချေးပေးမှုအပေါ် ကျေးဇူးတင်ရှိလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အသီးသီးပြန်လည်ရှင်းလင်းဆွေးနွေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဇီးပင်ကြီး-ပြင်ဦးလွင်-ကျောက်မဲရထားခရီးစဉ်ပြန်လည်ပြေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဂုတ်ထိပ်ရှုခင်းကြည့်ရထားခရီးစဉ်ကို ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ အနီးစခန်းလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည့်အခြေနေများ၊ ကော်ဖီစက်မှုဇုန်ဆောင်ရွက်လိုမှုနှင့် စက်ပစ္စည်းများလိုအပ်မှုနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ကော်ဖီသောက်သုံးမှုများတိုးတက်လာသည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြင်ဦးလွင်ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယာမြေများ၌ စိုက်ပျိုးမွေးမြူမှုများကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ ကျေးလက်ဒေသ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သမဝါယမစနစ်ဖြင့် စုပေါင်းစိုက်ပျိုးမွေးမြူထုတ်လုပ်ခြင်းကို ဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နိုင်ငံတစ်ဝန်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြင်ဦးလွင်ဒေသအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများကိုစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှုနှင့်ပတ်သက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ ခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုစဉ်။

## ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်၊ လာမည့်ဘဏ္ဍာနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ် . . .

၍ အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယခင်က မိမိပြင်ဦးလွင်မြို့သို့ လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများ စနစ်တကျရှိရန် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်ကြီး(၈)နှင့် (၁၀) အတွင်းရှိ အဓိကကျသည့် လမ်း ငါးလမ်းကို အဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင် ဒေသခံများရှိသကဲ့သို့ အခြားဒေသများမှပြောင်းရွှေ့ရောက်ရှိလာသူများလည်း ရှိကြောင်း၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေးစဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသည့် ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ပေါ်နေလူဦးရေများ ထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာကြောင်း၊ ထို့ကြောင့် အဆိုပါစွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့်ပြန်လည်အသုံးချ၍ မြို့အတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုများပြားစွာဖြင့်လာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန် ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ ဂုဏ်ဒြပ်သည် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ခရီးသွားများ စားသုံးရန်နှင့် ဒေသတွင်းရှိပြည်သူများ စားသုံးရန် လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့လာရောက်သည့် ခရီးသွားများလာချင်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများ ထိုက်သင့်သည့်ဈေးနှုန်းများဖြင့်ရောင်းချပြီး ခရီးသွားများကိုကောင်းမွန်သည့်ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ မက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းကဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ ထုတ်ကုန်တစ်ခုအနေဖြင့်ရှိခဲ့ကြောင်း၊ မက်မန်းပင်များကို ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပိုးစာပင်များလည်းစိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင် ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်သွားနိုင်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် နို့နှင့် နို့ထွက်ပစ္စည်းများထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်ကတည်းက နာမည်ရှိပြီး အရည်အသွေးလည်းကောင်းမွန်မြင့်မားသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကိုပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နို့စားနွားမွေးမြူရေး လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း။

ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောသစ်ပင်များသည် အအေးဓာတ်ကိုထိန်းသိမ်းနိုင်ခြင်းကြောင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းမှုများကို တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့်စိုက်ပျိုးသွားကြရန် လိုကြောင်း၊ သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ညီညွတ်မျှတသည့် ရာသီဥတုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ ရေလုံလောက်စွာရရှိစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရေကို အကျိုးရှိစွာဖြင့် သုံးစွဲသွားကြရန်လိုကြောင်း၊ အလားတူ မိုးရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရန်နှင့် အမှိုက်သရိုက်များ ရှင်းလင်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်း ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးကို ကြိုးစားမြှင့်တင်နေကြကြောင်း၊ နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးကို အားပေးဆောင်ရွက်သွားကြစေလိုပြီး ကျောင်းများအားလုံး စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စည်းကမ်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လည်း လိုကြောင်း၊ သက်ဆိုင်ရာအတန်းအလိုက် သင်ကြားပေးလိုက်သည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသား၊ ကျောင်းသူများဖြစ်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ မိမိတို့၏သားသမီးများပညာတတ်များဖြစ်စေရေးနှင့် စည်းကမ်းကောင်းသည့် လူငယ်များ၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ၊ ဂါရဝတရားများဖြင့် နေထိုင်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေးဆောင်ရွက်ပေးခြင်းဖြင့် ကလေးငယ်များ၏ တစ်ဦးချင်းဘဝ တိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ပညာရေးကဏ္ဍအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကိုအသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်မြို့ကိုလည်း ပညာရေးနှင့်ပတ်သက်၍ စံပြမြို့ဖြစ်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ ခရိုင်အားကစားကွင်းကို ပြန်လည်ပြင်ဆင်ပေးလျက်ရှိပြီး ရပ်ကွက်အလိုက် အပန်းဖြေနေရာများ၊ ပန်းခြံများ၊ အားကစားကွင်းများ ဆောက်လုပ်ပေးသွားရန် လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားများ လုပ်ဆောင်ခြင်းဖြင့် ကလေးငယ်များ၊ လူငယ်များအနေဖြင့်ကျန်းမာကြံ့ခိုင်မှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အားကစားမြှင့်တင်နိုင်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရပ်ကွက်များအလိုက် အားကစားကွင်းများ၊ ကလေးကစားကွင်းများနှင့် အပန်းဖြေနေရာများကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

စာမျက်နှာ ၁၈ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဗဟိုမီးသတ်သင်တန်းကျောင်းသို့ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လို၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒစ်ဂျစ်တယ်၊ အိုင်တီနှင့် အအိုင်နည်းပညာများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို . . .**

**စာမျက်နှာ ၁၇ မှအဆက်**

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာများဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာကြည့်တိုက်များကိုလည်း ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ အလယ်တန်းအဆင့်ကျောင်းများအားလုံးနှင့် ကျေးရွာများအလိုက် စာကြည့်တိုက်များရှိရမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွင်း ဗဟုသုတနှင့် အသိပညာ၊ အတတ်ပညာများရရှိစေမည့် စာအုပ်စာပေများကိုထားရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ်ဖတ်ရှုစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းပြင်ပ ပညာရှာမှီးရန်အထောက်အကူရသည့်အပြင် အသိပညာ၊ အတတ်ပညာရှိသည့်ပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်း ဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရန် လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်နေသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ပြင်ဦးလွင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များခင်းကျင်းပြသထားရှိမှုအပေါ် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လမ်းသစ်ဖောက်လုပ်နေမှုကို မိုးမကျမီပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးတစ်လျှောက်ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများစနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း အရိပ်ရလေကာပင်များ စနစ်တကျထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိရတနာပုံတယ်လီပို့အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံမြို့သစ်စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရတနာပုံမြို့သစ်စီမံကိန်းသို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ လမ်း၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ဒစ်ဂျစ်တယ်မြန်မာ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် ပြပွဲအခမ်းအနားကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့်ရရှိခဲ့သည့် အကျိုးရလဒ်များ၊ရတနာပုံမြို့သစ်စီမံကိန်းအတွင်း စိမ်းလန်းစိုပြည်ရေးဆောင်ရွက်သွားမည့်အစီအမံများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် လျှပ်စစ်မီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများဖြင့် စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများတည်ဆောက်ရာတွင်လည်း ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများဖြစ်စေရန်လိုကြောင်း၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြည်ရေး၊ရေအရင်းအမြစ်များကို အပြည့်အဝနှင့် အကျိုးရှိရှိအသုံးချနိုင်ရေးစီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရတနာပုံမြို့သစ်စီမံကိန်းအတွင်း ဒစ်ဂျစ်တယ်၊ အိုင်တီနှင့် အအိုင်နည်းပညာများတိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများအနေဖြင့်လည်း ဒစ်ဂျစ်တယ်၊ အိုင်တီနှင့် အအိုင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေမည့် အထောက်အကူပြုပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများ၊ သွားရေးလာရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များအဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုပြီး Master Plan ကို စနစ်တကျရေးဆွဲဆောင်ရွက်သွားရန် လိုကြောင်း၊ Master Plan ကို စနစ်တကျရေးဆွဲပြီးမှသာလျှင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသ)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀) ရှိ အဓိကလမ်းမကြီး ငါးလမ်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ရောက်ရှိကြရာ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့်ဆောင်ရွက်ပြီးစီးခဲ့သော မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀) ရှိအဓိကလမ်းမကြီးငါးလမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀) ရှိအဓိကလမ်းမကြီး ငါးလမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် သိင်္ဂီလမ်းတစ်လျှောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀) ရှိ အဓိကလမ်းမကြီး ငါးလမ်း အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်း လမ်းသစ်ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးမင်းနောင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀)ရှိအဓိကလမ်းမကြီး ငါးလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြင်ဦးလွင်မြို့သည် အေးချမ်းသာယာသည့် တောင်ပေါ်မြို့ဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့ကို အဆင့်မြှင့်တင်ခြင်းများ ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆင့်မြှင့်တင်ဖွင့်လှစ်လိုက်သည့် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈)နှင့် (၁၀) ရှိအဓိကလမ်းမကြီးများဖြစ်ကြသည့် နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ပြည်သာယာလမ်း၊ ရတနာလမ်း၊ မာလာယုဇနလမ်းတို့သည် ပဒေသာမြို့သစ် စတင်အကောင်အထည်ဖော်စဉ်ကတည်းကပင် တည်ရှိခဲ့ခြင်းဖြစ်ပြီး မူလလမ်းအကျယ် နှစ်လမ်းသွားဖြစ်သော်လည်း ကားနှစ်စီးတိမ်းရှောင်ရန်လုံလောက်သည့် အခြေအနေတွင် မရှိသောကြောင့် လမ်းငါးလမ်း၏ စုစုပေါင်းအရှည် ၃၂၈၁၃ ပေကို အကျယ် ၂၄ ပေထိ လမ်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ နိုင်လွန်ကတ္တရာလမ်းပေါင်း ၁၆ လမ်း၊ မိုင်အရှည်အားဖြင့် ၁၂ မိုင် ၄ ဖာလုံကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြင်ဦးလွင်မြို့ကို နိုင်ငံတကာအဆင့်မီသော မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဘက်စုံတိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် ပြင်ဦးလွင်မြို့ဒေသခံပြည်သူများအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပုသိမ်မြို့ ပုသိမ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ လာရောက်လေ့လာ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် တိုင်းသမိုင်းပြခန်းသို့ လာရောက်လေ့လာသည့် သင်တန်းသား၊ သင်တန်းသူများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာ ပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို ဧပြီ ၂၇ ရက်မှစတင်၍ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်း၌ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်းသို့ မေ ၁၅ ရက် မွန်းလွဲပိုင်း၌ လာရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ လေ့လာရေးလာရောက်ကြသည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိ



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်၌ လေ့လာရန် စခန်းအသီးသီးမှ ထွက်ခွာစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းများမှ သင်တန်းသားများ နေပြည်တော်သို့ ရောက်ရှိစဉ်။

နေပြည်တော် မေ ၁၆

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၂၀ တွင် စုစုပေါင်းသင်တန်းသား ၁၀၄၄ ဦး ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်မှစတင်၍ သင်ကြားပို့ချလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည် မြောက်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၅၃ ဦး၊ မိတ္ထီလာသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၅၀၊ မှော်ဘီမြို့ရှိ မြန်မာပြည် တောင်ပိုင်းသင်တန်းစခန်းမှ တန်းမြင့်လေကြောင်းလူငယ်သင်တန်းသား ၆၃ ဦး၊ ပြည်မြို့ရှိ ပြည်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၄ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်း သားဦးရေ ၅၀၊ မော်လမြိုင်မြို့ရှိ မော်လမြိုင်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၅၀၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်း သားဦးရေ ၆၀၊ နမ့်စန်မြို့ရှိ နမ့်စန်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၅၀၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသားဦးရေ ၆၀၊ တောင်ငူမြို့ရှိ တောင်ငူသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၆၀၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၅ ဦး၊ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ၅၁ ဦး၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၅၀၊ မုံရွာမြို့ရှိ မုံရွာသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသားဦးရေ ၅၀၊ ဟုမ္မလင်းမြို့ရှိ ဟုမ္မလင်းသင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ်သင်တန်းသား ဦးရေ ၅၀၊ ပုသိမ်မြို့ရှိ ပုသိမ်သင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ၅၃ ဦး၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ အခြေခံလေကြောင်းလူငယ် သင်တန်းသား ၆၅ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ် သင်တန်းသားဦးရေ ၅၀၊ မန္တလေးမြို့ရှိ မန္တလေးသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသားဦးရေ ၅၀၊ ကိုကိုးကျွန်းမြို့ရှိ ကိုကိုးကျွန်းသင်တန်းစခန်းမှ အခြေခံလေကြောင်း လူငယ်သင်တန်းသား ဦးရေ ၂၀နှင့် အုပ်ချုပ်သူ၊ နည်းပြများသည် လေယာဉ်၊ ရဟတ်ယာဉ် လိုက်ပါပျံသန်းရန်၊ ပြိုင်ပွဲများကျင်းပရန်၊ လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရန်နှင့် စုပေါင်းသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပပြုလုပ်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေသို့ ယနေ့တွင် တပ်မတော်လေယာဉ်များ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် စုံလင်စွာရောက်ရှိကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခြင်းနှင့် ကြိုဆိုနှုတ်ဆက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်





ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ်စဉ်။

နေပြည်တော် မေ ၁၆

တပ်မတော်(ရေ)က ၂၀၂၆ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၈၀၀ တို့သည် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ စခန်းပေါင်းစုံ တွေ့ဆုံပွဲပြုလုပ်ကြသည်။

ထို့နောက် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ၏ စခန်းပေါင်းစုံပြိုင်ပွဲများကို နယ်မြေခံရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၊ စစ်ရေးပြကွင်းနှင့် အမှတ်(၄) ရေတပ်ဗောတံတားတို့၌ပြုလုပ်ရာ တပ်မတော်အရာရှိကြီးများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် နေပြည်တော်စခန်းတန်းခွဲ(၁)၊ နေပြည်တော်စခန်းတန်းခွဲ(၂)၊ ပုသိမ်စခန်း၊ ဟိုင်းကြီးစခန်း၊ အင်းယားစခန်း၊ ကိုကိုးကျွန်းစခန်း၊ မန္တလေးစခန်း၊ မော်လမြိုင်စခန်း၊ ဟိန်းဇဲစခန်း၊ မြိတ်စခန်း၊ ကျွန်းစုစခန်း၊ ဘားအံစခန်းနှင့် ကျိုင်းတုံစခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများက သင်တန်းအလိုက် စစ်ရေးပြပြိုင်ပွဲများ၊ရေတပ်သားဘာသာရပ်ဆိုင်ရာ ရေး၊ ဖြေစာမေးပွဲ၊ ကြိုးချည်ကြိုးထိုးလက်တွေ့ပြိုင်ပွဲ၊ ရေတိုင်းခြင်းလက်တွေ့ပြိုင်ပွဲနှင့် ပဲ့စင်တပ်ဖွဲ့တာဝန်ဖွဲ့စည်းဆောင်ရွက်မှု လက်တွေ့ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် နယ်မြေခံတပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

**နေပြည်တော် မေ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့်လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းနောင်မြို့၊ မိုင်းပန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ နန္ဒဝန်ကျောင်းတိုက်ဓမ္မာရုံ၌ အခြေပြု၍ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၉၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီးထွက်ခွာ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး အခြေခံလေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများကို မြစ်ကြီးနားလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)မှ သင်တန်းသား၊ သင်တန်းသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီး သွားရောက်ရန်အတွက် မြစ်ကြီးနားလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**








မြစ်ကြီးနားမြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်ခဲ့သည့် မော်တော်ယာဉ်များ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာစဉ်။

☆ **ကျောဖုံးမှအဆက်**

အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ စက်သုံးဆီများကို မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးခဲ့သည့်သတင်းကို မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသောကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များသည် မေ ၁၅ ရက်တွင် မြစ်ကြီးနားမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး မိုးကောင်း-မိုးညှင်း-နန့်စီးအောင်-မော်လူး- အင်းတော်- ကသာ- ထီးချိုင့်-တကောင်း- သပိတ်ကျင်း- မတ္တရာမြို့တို့ကိုဖြတ်သန်း၍ ယနေ့ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များနှင့်အတူ မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ မန္တလေးမြို့တွင် ပို့ဆောင်ရောင်းချမည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် လမ်းခရီးအခက်အခဲကြောင့် ကြန့်ကြာမှုများဖြစ်ပေါ်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ရန် သွားရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးအခက်အခဲများကြောင့် မန္တလေးမြို့တွင် ဆေးဝါးကုသမှုခံယူရန် သွားရောက်မည့် ဒေသခံပြည်သူများ ပြန်လည်လိုက်ပါလာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ မန္တလေး-မြစ်ကြီးနားဆက်သွယ်ရေး လမ်းကြောင်းကို ပြန်လည်ဖွင့်လှစ် နိုင်ခဲ့သည့်အတွက် အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာလျက်ရှိပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏သွားလာနေထိုင်ရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများပုံမှန်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ တည်ငြိမ်အေးချမ်းမှု၏ အကျိုးကျေးဇူးများကို ပြန်လည်ခံစားနိုင်ကြပြီဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများစသည့် ကဏ္ဍပေါင်းစုံတွင် ပြန်လည်ဖွံ့ဖြိုး တိုးတက်လာတော့မည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် များစွာကျေးဇူးတင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



**အီသီယိုးပီးယားနိုင်ငံသား သုံးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။**

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၁၆ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၂၂ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၃၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**


❖ **အက်ဖ်အေဖလားမှ**

ချက်ကီနှင့် လူစားလဲခဲ့ပြီးနောက် မန်စီးတီးအသင်းတိုက်စစ်ပိုင်း ပိုမိုအားကောင်းလာခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် ဟာလန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်ကစားသမားဆီမီညို က အသင်းအတွက် လှလှပပဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် မန်စီးတီးအသင်းက ဆီမီညို၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုရှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိနည်းပြ ဂွါဒီယိုလာလက်ထက်တွင် တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများ သိမ်းဆည်းရမိ




ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် သံလွင်မြစ်အနီး၌ တရားမဝင်တရုတ်နိုင်ငံသား ၁၈ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်သည့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများ သိမ်းဆည်းရမိသည့်နေရာပြပုံ။



မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးကို တွေ့ရစဉ်။







မိုင်းရှူးမြို့နယ် မိုင်းစံမြို့အရှေ့ဘက် ဟိုပုံရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့်ပူးပေါင်း၍လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြတ်ပြတ်သားသားကိုင်တွယ် အရေးယူ ဆောင်ရွက်လျက်ရှိရာ မေ ၁၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွယ်ဆောင်ထောက်ကျေးရွာဝန်းကျင် သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မိုင်းရှူးမြို့နယ် ဟိုပုံကျေးရွာအနီး သံလွင်မြစ်အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ်အတွင်းရှိ မိုင်းရှူး- မိုင်းစံဒေသ၊ သံလွင်မြစ်အနောက်ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ရာ မေ ၁၅ ရက် နံနက် ၉ နာရီခွဲခန့်တွင် မိုင်းရှူးမြို့၏ အရှေ့တောင်ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ လွယ်ဆောင်ထောက်ကျေးရွာ၏ အရှေ့တောင်ဘက် ၁၁ ကီလိုမီတာခန့် သံလွင်မြစ်အနီး၌ တရားမဝင် ဝင်ရောက်နေထိုင်သည့်တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တစ်ဖွဲ့သည် သံလွင်မြစ်ကမ်းတစ်လျှောက်၌ ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မိုင်းစံမြို့၏ အရှေ့ဘက် ၂၆ ကီလိုမီတာခန့်အကွာ၊ ဟိုပုံရွာ၏ အရှေ့ဘက် ကိုးကီလိုမီတာခန့်အကွာ သံလွင်မြစ် အနောက်ဘက်ကမ်းဘေး၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖျက်ဆီးထားသော အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ အိပ်စင်ပါ လူနေဆောင် နှစ်လုံး၊ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိလုပ်ငန်းသုံးတဲ တစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ဝါးတဲ အလုံး ၃၀၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ စားချက်ဆောင် တစ်လုံးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောက်ကွယ်မှပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ဒေသအတွင်း အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ အပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါဒုစရိုက်လုပ်ငန်းများ လုပ်ဆောင်နေသည့် သတင်းများ ရရှိပါက အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရန် လိုအပ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ ( ၁၆ – ၅ – ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဂန့်ဂေါ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

**၂၀၂၆ ခုနှစ် မေ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့

**နေပြည်တော် မေ ၁၆**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)အဖြစ်သို့ အားလျော့သွားခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

ဝတ္ထုတိုကလျာ

# စေတနာ၏ အသီးအပွင့်

## မင်းလပြည့်(ဟားခါး)



(၁)

နေခြည်ဖြာမကျသေးသော နံနက်ခင်းကား သဘာဝပန်းချီကားနှယ်လှပနေသည်။ အရှေ့ဘက်တွင် တောင်ညိုတောင်တန်း၊ အနောက်ဘက်တွင် လူနေရပ်ကွက်များ၊ တောင်ဘက်တွင် ကားလမ်းမကြီးနှင့် မြောက်ဘက်တွင် လယ်ကွင်းများရှိနေသည်။ လေနုအေးက နံနက်စောစော လမ်းလျှောက်နေသည့် ဦးလူလှကို တိုးဝှေ့သွားသည်။ လမ်းနဘေးရှိ စိမ်းစိုသောသစ်ပင်များက တည်ငြိမ်အေးချမ်းမှုကို ပေးသော ပသာဒမြင်ကွင်းတစ်ခုအဖြစ် စိတ်ဝယ်ကြည်နူးစေသည်။

ကားလမ်းမပေါ်တွင် စက်ဘီးများ၊ ဆိုင်ကယ်၊ ကားတချို့ မောင်းနှင်နေသည်မှလွဲ၍ လမ်းလျှောက်နေကြသောလူတချို့သာ တွေ့ရသည်။ နာရီဝက်သာသာလမ်းလျှောက်ခဲ့၍ ချွေးစို့လာသည်။ သည်လိုလွတ်လပ်စွာလမ်းလျှောက်နိုင်ဖို့ ဝန်ထမ်းဘဝတွင် နှစ်များစွာပေးဆပ်ခဲ့ရသည်။ သားသမီးမရှိဘဲ ဇနီးသည် ဒေါ်ရွှေယုန် တူဖြစ်သူ မောင်အောင်၊ တူမဖြစ်သူခင်ခင်တို့နှင့် အိမ်တွင်ဈေးဆိုင်ဖွင့်ကာ မပူမပင်နေထိုင်သည်။ အငြိမ်းစားဆိုသော်လည်း တာဝန်သိစိတ်၊ တာဝန်ယူလိုစိတ်များက ခိုင်မာစွာကျန်ရှိနေသေးသည်။

သူလျှောက်လာသည့်လမ်းပေါ်တွင် ထင်းရှူး၊ ထနောင်း၊ မဲဇလီ သစ်မျိုးစုံပေါက်နေသည်မှလွဲ၍ ထူးခြားမှုမရှိ၊ ထူးခြားသည်က လမ်းဘေးမြက်ရိုင်းပင်များကြားမှ ပြောင်လက်နေသည့် ကွင်းပြောင်လေးတစ်ခု။ သည်ကွင်းပြောင်လေးတွင် မည်သူမှန်းမသိ လွှတ်ပစ်လိုက်သော အမှိုက်များ၊ အိတ်စုတ်များ ထည့်ထားသည့် ဖက်ရွက်ပုပ်များကို သူလှမ်းမြင်နေသည်။

သည်လိုနေရာမျိုးတွင် ရေချမ်းစင်တဲကလေးများ၊ မုန့်ပဲသားရေစာရောင်းသည့် မုန့်ဆိုင်ငယ်များ ရှိစေချင်သည်။ ကွင်းပြောင်နေရာရောက်တော့ သူထင်သည့်အတိုင်း အမှိုက်ပုံအသစ်လေးကို စည်းကမ်းမဲ့သူများက ညီညာစွာစွန့်ပစ်ခြင်းဖြင့် အမည်ကင်ပွန်းမတပ်ဘဲ ဖွင့်လှစ်ခဲ့ကြသည်။ လေအဝှေ့တွင် ပလတ်စတစ်အိတ်ငယ်များက ကြိုးမဲ့စွန်များပမာ ပျံဝဲနေကြသည်။

စာရွက်စုတ်၊ ဖက်ရွက်စုတ်များကလည်း လေနှင်ရာလွင့်နေသည်။ ကွင်းပြောင်ကို ဖြတ်ကျော်ခါနီးတွင် သူ့အနီးသို့ ဆိုင်ကယ်တစ်စီးထိုးရပ်ကာ ဒေါသဖြင့် ပြောဆိုသံကို ကြားလိုက်ရသည်။

"မနေ့က ပင်ပင်ပန်းပန်းနဲ့ ကွမ်းယာဆိုင်လေးဖွင့်ဖို့မြက်ပေါက်ထားတာ ခုတော့ အမှိုက်ပုံနေရာဖြစ်နေပြီ။ စည်းကမ်းမရှိတဲ့လူတွေ"

ဦးလူလှက ကြားသည်နှင့် ရပ်လိုက်သည်။ စိတ်မကောင်းဖြစ်မိသည်။ ကိုယ်ချင်းစာမိသည်။ သူများမြက်ပေါက်ထားသည့်နေရာကို အဆင်သင့်အမှိုက်ပစ်သွားခြင်းက အသိတရားမဲ့လွန်းလှသည်ဟုသူတွေးမိသည်။ ဦးလူလှ ကွင်းပြင်လေးကျော်လမ်းလျှောက်ပြီး အိမ်သို့ နောက်ပြန်လှည့်လာချိန်တွင် မြက်ပေါက်ထားသူက ကွင်းပြောင်နေရာတွင်ရှိနေဆဲ။ ရပ်ကြည့်နေဆဲဖြစ်သည်။

ဦးလူလှပြန်လျှောက်လာပြီး ကွင်းပြောင်နေရာသို့ ပြန်ရောက်လာသည်။

"ကြည့်စမ်းဦးလေးရာ မနေ့က ကျွန်တော့်သူငယ်ချင်းတွေနဲ့ ဆိုင်ဖွင့်ဖို့ မြက်လာပေါက်ထားတာ။ ခုတော့ အမှိုက်တွေကပုံနေပြီ"

"အကောင်းဆုံးအကြံပေးချင်တာကတော့ ဟိုရှေ့က ထနောင်းရိပ်မှာ ဆိုင်အသစ်ဖွင့်လိုက်၊ ကားလမ်းနဲ့လည်းဝေးတယ်။ သည်နေရာကအရိပ်မရှိဘူး။ လမ်းဆုံနဲ့နီးတော့ ဈေးပိုရောင်းရမယ်။ ပိုကောင်းတဲ့ နေရာပဲ။ သည်နေရာ ကို အမှိုက်ပုံးထားလိုက်ရင်ကောင်းမယ်။ ဘာမှ စိတ်အစွဲအလန်းမထားပါနဲ့"

"ကျေးဇူးပါပဲဦးလေး" ဟု လူငယ်ကပြောပြီး ဦးလူလှအနီးမှ ထွက်ခွာသွားသည်။ ဦးလူလှက အမှိုက်ပုံသည့်နေရာကို ဘာရယ်မဟုတ် အမှတ်တမဲ့ကြည့်နေသည်။ စက်သံပြင်းပြင်း ဆိုင်ကယ်တစ်စီးက သူ့အနားရောက်လာသည်။ ကြည့်လိုက်တော့ အားကစားဝတ်စုံဝတ်ထားသော မျက်နှာစိမ်းလူငယ်တစ်ဦးဖြစ်နေသည်။

"ဦးလေးဘာကြည့်နေတာလဲ"

"မနေ့က ဒီနေရာမှာလူတစ်ယောက်က ကွမ်းယာဆိုင်လေးဖွင့်ဖို့မြက်ရှင်းသွားတာ၊ စည်းကမ်းမရှိလက်ကြောမတင်းတဲ့လူတွေက အမှိုက်ကိုကြုံသလိုပစ်သွားလို့ ဒေါပွပြီးပြန်သွားပြီ။ ဒီနေရာကို စည်ပင်က အမှိုက်ပုံးအသစ်ထားပေးရင်ကောင်းမယ်"

ဦးလေးကိုကျေးဇူးတင်တယ်။ ကျွန်တော်က မြို့တော်စည်ပင်က စည်ပင်ဝန်ထမ်း ဒုတိယဦးစီးမှူးရဲနောင်ပါ။ ကျွန်တော်လဲ အမှိုက် စည်းကမ်းမဲ့ပစ်တာများနေလို့ အမှိုက်ပုံးအသစ် ဘယ်နေရာထားရမလဲ လိုက်ကြည့်နေတာ။ ဦးလေးအကြံပေးတဲ့အတိုင်း ဒီနေရာမှာထားတာ သင့်တော်တယ်"

ဦးလူလှတစ်ယောက် နံနက်ခင်းလမ်းလျှောက်အပြီး အိမ်ကိုပြန်လာသည်။ မြို့အနှံ့ ရပ်ကွက် အမှိုက်ပြဿနာများကြုံတွေ့နေရသည်။ လူတိုင်း စည်းကမ်းရှိပြီး ပတ်ဝန်းကျင်ကိုတန်ဖိုးထားလျှင် အမှိုက်ပြဿနာလျှော့နည်းသွားနိုင်သည်ဟု လမ်းလျှောက်ရင်းတွေးမိသည်။

(၂)

ညကပိန်းပိတ်အောင်မှောင်လာသည်။ ဘုရားရှိခိုး၊ တရားထိုင်ပြီး ခြံဝင်းထဲသို့ဆင်းလာချိန် မိသားစုများအားလုံး အိပ်ပျော်နေကြပေပြီ။ မနက်က မြက်ပေါက်ထားသောနေရာကို အမှိုက်လာပစ်ကြသူများ၊ အမှိုက်ပုံးထားရန် အကြံပေးခဲ့မှုများကို သတိရနေသည်။

အမှိုက်က လူ့အဖွဲ့အစည်းတွင် အလှအပများကို မပေး။ ညစ်ညမ်းမှုကိုပေးသည်။ ရောဂါဖြစ်စေသော ဘက်တီးရီးယားပိုးများကို မွေးဖွားပေးသည်။ ရေဆိုး၊ ရေနောက်များဖြစ်စေသည်။ မသန့်ရှင်းသောရေများကို အမှိုက်များမှတစ်ဆင့် ဖြစ်ပေါ်စေသည်။

ခြံဝင်းထဲလမ်းလျှောက်ကာ တွေးနေစဉ် ခြေသံသဲ့သဲ့က အမှောင်ထုကိုအကာအကွယ်ပြုကာ သွားနေကြောင်း သိလိုက်သည်။ ဘယ်သူဘယ်ဝါ သူမသိ၊ ဦးလူလှ၏ခြံနောက်တွင် ရပ်ကွက်အတွင်း ဖြတ်စီးနေသော ၁၀ ပေခန့်အကျယ်ရေမြောင်းရှိသည်။ ကြည်လင်နေသော သည်ရေမြောင်းတွင် ဦးလူလှတို့ငယ်စဉ်က ရေကူးဆော့ကစားပျော်မြူးခဲ့ကြသည်။ ခုတော့ မြောင်းကကျဉ်းလာသည်။ ရေက နောက်ကျိကာ ကတ္တရာစေးနှင့် ကျောက်မီးသွေး ရောဖျော်ထားသလို ရေကြည်လင်မှုကင်းဝေးနေသည်။ ငါး၊ ဖား သတ္တဝါများလည်း သေကုန်သည်။

" ဖြော ဖြော ဖြော ဖြော"

ဦးလူလှက ခြေသံရှင်ကိုအာရုံစိုက်နေစဉ် လူတစ်ဦးက အမှိုက်ခိုးသွန်နေသံကို တိတ်ဆိတ်နေသည့် ညအမှောင်ကြား ပီသစွာကြားလိုက်ရသည်။ မကြာမီ သူ့ခေါင်းရင်းဘက်မှလည်း အမှိုက်သွန်သံကြားရပြန်သည်။

" ဟေ့ မီးမထိုးနဲ့"

ခေါင်းရင်းဘက်ကလူအော်သံအပြီး မီးထိုးနေသူကိုလည်း သူကဓာတ်မီးဖြင့် အပြန်အလှန်ထိုးနေသည်။ ခြံထဲမှ လှမ်းကြည့်လိုက်တော့ မျက်နှာပိုင်ရှင်များကို သူမြင်ရသည်။ ခြေသံပိုင်ရှင်က ဖိုးနီ၊ နောက်တစ်ယောက်က စားသောက်ဆိုင်မှ ဒီလုံးတို့ဖြစ်ကြသည်။

"အင်း... မြောင်းက ပိုပုပ်ပြီး ရေစီးတော့မှာ မဟုတ်ဘူး"

စိတ်ထဲက ဦးလူလှရေရွတ်မိသည်။ ညဉ့်ပိုနက်လာ၍ ဦးလူလှတစ်ယောက် အိပ်စက်ရန် အိမ်ထဲသို့ ဝင်ခဲ့သည်။

(၃)

ကျန်းမာဖို့အတွက် နာရီဝက်ခန့်လမ်းလျှောက်ရသည်။ ဖြစ်နိုင်လျှင် ခြေလှမ်းရေ ၈၀၀၀ လျှောက်ပေးရမည်ဆိုတာ ဦးလူလှသိသည်။ သည်နေ့လည်း မပျက်မကွက်လမ်းလျှောက်ထွက်လာခဲ့သည်။ သူ့ရှေ့တွင် ရပ်ကွက်အစွန်၌နေထိုင်ကာ ခိုးဝှက်မှုမရှိ ပလတ်စတစ်အမှိုက်(ပလုံ)ကောက်ကာ ရောင်းစားပြီး အသက်မွေးဝမ်းကျောင်းပြုနေသော ဦးပြုံး၊ ဒေါ်ငယ်တို့ကို မြွေရေခွံအိတ်လွယ်၍ ရှေ့မှသွားနေသည်ကို တွေ့လိုက်ရသည်။

လမ်းဘေးစွန့်ပစ်ထားသည့် ရေသန့်ဘူးခွံများကိုကောက်ကာ အိတ်ထဲထည့်နေသည်ကို သူတွေ့လိုက်ရသည်။ ဦးလူလှတစ်ယောက် ကြည့်နေရင်း အတွေးတစ်ချက် လင်းလက်သွားသည်။

"ဦးပြုံးတို့ တစ်နေကုန် ပလတ်စတစ်ဘူးတွေလိုက်ကောက်တာ အဆင်ပြေရဲ့လား"

"ပြေတာတော့မဟုတ်ပါဘူး။ အိမ်မှာနေလဲ အလကားဆိုတော့ တစ်နေ့ လင်မယားနှစ်ယောက်ပေါင်းကောက်ရင် တစ်သောင်းနီးပါးလောက်ရတယ်။ မဆိုးဘူးဆိုပြီး လုပ်နေတာပဲ"

"အလုပ်ဟူသမျှဂုဏ်ရှိပါတယ်။ ခင်ဗျားတို့အတွက် ငွေတစ်သောင်းကျော်ဝင်မဲ့နေရာ တွေ့ထားတယ်။ ဒါကိုလဲ ဘယ်သူမှ စိတ်ပါဝင်စားစွာလုပ်မဲ့သူရှိမှာမဟုတ်ဘူး။"

ဦးလူလှကပြောတော့ ဒေါ်ငယ်ကပါ စိတ်ဝင်တစားလှည့်ကြည့်သည်။

"ဆရာရယ် ကျွန်တော်က အလုပ်ကြမ်းမလုပ်နိုင်ဘူး။ ဒီပလုံကောက်တာပဲလုပ်တတ်တာ"

ဦးပြုံးကပြောတော့ ဦးလူလှက ရယ်သည်။ ဦးပြုံးက သူ့ထက်အသက်ငယ်သည်။ ဦးလူလှက ရပ်မိရပ်ဖလည်းဖြစ်၍ လေးစားရိုသေကြသည်။

"ခင်ဗျားကျွမ်းကျင်တဲ့အလုပ်ပဲ လုပ်ရမှာပါ။ ခုလမ်းဘေးမှာ အမှိုက်ကန်အသစ်တစ်ခု ရှိနေတယ်။ အဲဒီမှာ လူတွေလာပစ်တဲ့အမှိုက်တွေကို ကန်ထဲထည့်ခိုင်း။ ဝိုင်းကူပေး။ သူတို့လာပစ်တဲ့ အမှိုက်တွေကြားမှာ ရေသန့်ဘူးခွံတွေ၊ ပုလင်းတွေ၊ စက္ကူသတင်းစာဟောင်းတွေလဲ ပါလာတတ်တယ်။ ခင်များသန့်စင်ပြန်သုံးရင် လူလဲသက်သာ၊ ငွေလဲရတာပေါ့။ ပြီးရင် ဒေါ်ငယ်က မလှမ်းမကမ်းမှာ ကွမ်းယာဆိုင်လေးဖြစ်ဖြစ်ဖွင့်ပေါ့။ နှစ်ယောက်စလုံးအလုပ်ရတာပေါ့"

"ဆရာအကြံပေးတာကောင်းတယ်။ ဒါပေမဲ့ဆရာရယ် ကျွန်မတို့မှာ ကွမ်းယာဆိုင်ဖွင့်ဖို့ အရင်းအနှီးမရှိဘူးဖြစ်နေတယ်"

"ငွေဘယ်လောက်လိုလဲ"

"တစ်သိန်းလောက်တော့ လိုမယ်ထင်တယ်။ ဆရာချေးပါလား"

"အဆင်ပြေမှပြန်ပေးပါ။ ချေးမယ်"

"ဆရာငွေချေးရင် တစ်ကယ်လုပ်မယ်။ ကျွန်တော်လဲ အမှိုက်သိမ်းတာ ဝါသနာပါတယ်ဆရာ"

ဦးပြုံးကလည်း ရဲရဲကြီးအာမခံနေသည်။ ဦးလူလှကလည်း ပတ်ဝန်းကျင်ကိုသန့်ရှင်းစေသည့် အလုပ်မို့ပျော်ရွှင်မိသည်။ သန့်ရှင်းမှ စိတ်ကြည်နူးမည်။ သန့်ရှင်းမှ ရောဂါဘယကင်းဝေးမည်။ သန့်ရှင်းရေးသည် လူတိုင်းနှင့်ဆိုင်သောကိစ္စဖြစ်သည်။ အများနှင့်ဆိုင်သောကိစ္စကို ဦးပြုံးက စေတနာ့ဝန်ထမ်းလုပ်မည်ဆိုတော့ ဦးလူလှကလည်း သူတို့အခက်အခဲဖြစ်သော ငွေကိုချေးခဲ့သည်။

နောင်ရက်မှစပြီး အမှိုက်ပစ်သူများကို ဦးပြုံးဝိုင်းကူညီနေသည်။ ဦးပြုံးကလည်း နာမည်နှင့်လိုက်အောင် ပြုံးရွှင်နေသူဖြစ်၍ လူချစ်လူခင်တိုးနေသည်။ ဒေါ်ငယ်ကွမ်းယာဆိုင်ကလည်း လာဝယ်စားကြသူများနှင့် အသင့်အတင့်ရောင်းရသည်။ ဦးလူလှပျော်ရွှင်မိသည်။

စာမျက်နှာ ၂၅ သို့ á

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ဧကစိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုအချိန်တွင် နှမ်းများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ၂၁၂၅၇ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အခု မေလစတုတ္ထပတ်ထဲမှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ စတဲ့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးသွားမှာပါ"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၂၄ မှအဆက်

"ဦးပြုံး အခြေအနေဘယ်လိုလဲ။ ပလုံကောက်တာထက် ပိုအဆင်ပြေတယ်ဆရာ။ ကုသိုလ်လဲရ၊ ဝမ်းလဲဝပါတယ်ဆရာ။ တချို့က နံနက်စာလက်ဖက်ရည်ဝယ်လာတဲ့သူတောင်ရှိတယ် ဆရာ"

လမ်းလျှောက်ထွက်တိုင်း ဦးပြုံးတို့က အမှိုက်ပုံသို့ ကြိုရောက်နေသည်။ စည်ပင်ဒုတိယဦးစီးလေးကိုလဲ မိတ်ဆက်ပေးလိုက်သည်။ သုံးပွင့်ဆိုင် ခင်မင်မှုများရှိနေပေမယ့် ဦးလူလှကတော့ နံနက်တိုင်းလမ်းလျှောက်မပျက်။ လူများကလည်းစနစ်တကျ အမှိုက်စွန့်ပစ်ကြ၍ မြေပေါ်တွင် အမှိုက်ညစ်ညမ်းမှုများမဖြစ်၊ နေ့စဉ် စည်ပင်ရုံးမှ တွဲကားကြီးများဖြင့် အမှိုက်လာသိမ်းပေးသည်။

တောင်တရုတ်ပင်လယ်ရှိ အားပြင်းသော အပူပိုင်းမုန်တိုင်းက ဦးလူလှတို့မြို့လေးကိုလည်း အစွန်းအဖျား ထိခတ်လာသည်။ တစ်နေကုန်မိုးရွာသောကြောင့် ဦးလူလှတို့ပန်တော်ရပ်ကွက်လေးသို့ ရေတိုးကာ မြေနိမ့်အိမ်များသို့ ရေဝင်သည်။ ဦးလူလှတို့အိမ်က ခြံဝင်းကျယ်ကာ ခြေတံရှည်နှစ်ထပ်အိမ်လေးဖြစ်၍ ရေမြုပ်ခြင်းမရှိ။ လူသွားလမ်းများပေါ်တွင်ရေများစီးဆင်းကာ ပလတ်စတစ်ဘူးခွံများ၊ အမှိုက်သရိုက်များ၊ အညစ်အကြေးများ မျောနေသည်။ တချို့အိမ်များသို့ စီးမျောလာ၍ စိတ်ဆင်းရဲကြရသည်။

မုန်တိုင်းပြီးသည်နှင့် ရပ်ကွက်တွင်း ဆူညံဝေဖန်သံများ၊ တိုင်တောကြသူများ၊ မကျေမနပ်ရင်ဖွင့်ပြောပြလိုသူများက ရပ်ကွက်လူကြီး ဦးဘကွန်းထံ သတင်းပေးပို့ကြသည်။

"ရွာဓမ္မာရုံမှာ ဆွမ်းတော်ကြီးလောင်းပွဲကိစ္စပြောရင်း အိမ်တွေထဲ အမှိုက်တွေ၊ အညစ်အကြေးတွေ တိုင်ကြားတာကို ဆွေးနွေးကြမယ်"

နောက်နှစ်ရက်အကြာ ဓမ္မာရုံတွင် ရပ်ကွက်ရှိလူအားလုံး ဆုံကြသည်။ ဦးလူလှ၊ ဖိုးနီ၊ ဒီလုံးသာမက ဦးပြုံးတို့လည်း တက်ကြသည်။ ဆွမ်းတော်ကြီးလောင်းရန်အတွက် ဆွေးနွေးတိုင်ပင်ပြီးနောက် မိုးကြီးစဉ် အမှိုက်များ မြင်မကောင်းအောင် ရေထဲမျောပါနေမှုကိစ္စကို ဆွေးနွေးကြသည်။

"ရပ်ကွက်ထဲမှာ မြောင်းငယ်လေးတွေရှိတယ်။ ရေတွေစွန့်ထုတ်ဖို့ လုပ်ထားတယ်။ ဒါပေမယ့် မြောင်းထဲကို အမှိုက်တွေခိုးသွန်တော့ မြောင်းပိတ်ပြီး ရေကြီးတာပဲ။ မြို့နယ်မှာ ကျွန်တော်တို့ရပ်ကွက်က အစဉ်အလာကောင်းပြီး သန့်ရှင်းခဲ့တယ်။ ခုလမ်းပေါ်မှာ နုန်းတွေ၊ သဲတွေ၊ ရွှံ့တွေ ကြည့်လို့မကောင်းပါဘူး။ စုပေါင်းသန့်ရှင်းရေးလုပ်ပေးကြပါ။ အမှိုက်တွေကို ညအချိန်ခိုးပစ်ကြတယ်။ နောင်မှာ တွေ့ရင်သတိပေးမယ်။ မလုပ်ကြပါနဲ့။ ကျွန်တော့်ဆီမှာ အမှိုက်ခိုးသွန်တာကို လာပြောလို့ နာမည်စာရင်းသိရသူတွေရှိတယ်။ ဒီထဲမှာရှိပါတယ်။ ကျွန်တော် ဖွင့်မပြောချင်ပါဘူး"

ဦးဘကွန်းက ပြောပြီး ခဏရပ်လိုက်သည်။ ဦးလူလှတစ်ယောက် မသိမသာကြည့်လိုက်တော့ ဖိုးနီနှင့် ဒီလုံးတို့ အပြစ်ရှိသူပီပီ ခေါင်းငုံ့နေကြသည်။ ပြီးမှဦးဘကွန်းက ဆက်ပြောသည်။

"လူတွေပေါ့ဆလို့ မီးလောင်မှုတွေ မကြာခဏဖြစ်ရတယ်။ ပြီးခဲ့တဲ့နှစ်က ရပ်ကွက်မှာ မတော်တဆမီးလောင်ခဲ့ရင် ရေအဆင်သင့်ဖြစ်ဖို့ ရေသိုလှောင်ကန်တွေ ဆောက်ခဲ့ကြတယ်။ ဒီနှစ်တော့ ရပ်ရွာသန့်ရှင်းရေး လူမှုရေးအဖွဲ့ဖွဲ့ပါမယ်။ သင့်တော်သူတွေကိုရွေးပြီး အမည်စာရင်းရွေးပေးကြပါ"

ရပ်ကွက်ရှိလူများကသင့်တော်သူများကို အမည်စာရင်းပေးကြသည်။

"ဖိုးနီကိုထည့်ဖို့ သဘောတူပါတယ်"

"ဒီလုံးကိုလည်း အဆိုပြုပါတယ်"

အိမ်အလိုက် အမှိုက်များစုကာ အမှိုက်ကားလာချိန်စွန့်ပစ်ဖို့၊ ညအချိန် အမှိုက်ခိုးသွန်ခြင်းများမရှိဖို့၊ ညီညီညွတ်ညွတ် စုစည်းလုပ်ကြဖို့ ဦးဘကွန်းကမှာကြားကာ ရပ်ကွက်အစည်းအဝေး ပြီးဆုံးခဲ့သည်။ ဦးလူလှတို့ရပ်ကွက်လေးက လူညီသည်။ အားနည်းချက်များပြုပြင်ရန် အချိန်ယူရဦးပေမည်။

"လူတွေက ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်တာ။ ပတ်ဝန်းကျင်ကိုကြတော့သူတို့နဲ့မဆိုင်သလိုနေကြတာ။ လုပ်ချင်ရာလုပ်တာ။ စည်းကမ်းနဲ့လုပ်တာကြတော့ မကြိုက်ကြဘူး။ ငါကတော့ ဒီလိုအဖွဲ့လေးနဲ့လုပ်တာကြိုက်တယ်။ ဒါမှ လုပ်ငန်းအောင်မြင်မှာလေ။"

လူငယ်တစ်ဦး၏ တန်ဖိုးရှိသည့်အတွေးအမြင်လေးကို ဦးလူလှတစ်ယောက် လူအုပ်ကြားထဲမှ အမှတ်မထင်ကြားလိုက်ရသည်။ ဦးလူလှက ဓမ္မာရုံမှ ပြန်ရန်ပြင်နေသော ဖိုးနီနှင့် ဒီလုံးတို့အနားသို့ တစ်စုံတစ်ခုပြောရန် ရောက်အောင် အနီးကပ်သွားခဲ့သည်။

"ဟေ့... ဖိုးနီနဲ့ ဒီလုံး"

ဦးလူလှ၏ခေါ်သံကြောင့် ဖိုးနီနှင့် ဒီလုံးက နောက်ပြန်လှည့်ကြည့်သည်။ ဦးလူလှက သူ့ရင်ထဲတွင် ပြောချင်နေသည့်စကားတစ်ခွန်းကို ပြောဖြစ်အောင်ပြောလိုက်သည်။ ဒါမှလည်း သူ့ရင်ထဲ ပေါ့ပါးကျေနပ်သွားမည်ဖြစ်သည်။

"ဖိုးနီနဲ့ ဒီလုံးမင်းတို့နှစ်ယောက်စလုံး ရပ်ရွာလူမှုရေးအဖွဲ့ သန့်ရှင်းရေးအဖွဲ့မှာ ခေါင်းဆောင်တွေဖြစ်သွားတာ သိပ်ဝမ်းသာတယ်။ ညအချိန် အမှိုက်ခိုးသွန်တဲ့သူတွေ ရှိတော့မှာမဟုတ်ဘူး"

ဦးလူလှ၏ အမှတ်မထင်စကားကြောင့် ဖိုးနီနှင့် ဒီလုံးတို့ အံ့အားသင့်ကာ မျက်လုံးများပြူးသွားကြသည်။ ပြီးတော့ ဖိုးနီနှင့် ဒီလုံးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကျန်ခဲ့ကြသည်။

## မိမိသည်သာ အားကိုးရာ

\- လောကဝယ် လူဖြစ်ခိုက်
ကြိုးစားလိုက် မိတ်ဆွေ၊
မိမိကိုယ် တန်ဖိုးထား
ရှိးသားပါလေ၊
မိမိဘဝ မိမိအခြေ
ဆန်းစစ်လေ ဘဝရှေ့ရေး၊
ရည်ရွယ်ရာ ပန်းတိုင်သို့
လျှောက်စို့မနှေး။

\- ရှုံးနိမ့်သော် အားအင်မွေး
ဆက်လျှောက်ပေး ရည်ရွယ်ရာ၊
ပညာကို အဖော်ပြု
ထုဆစ်ခါခါ၊
ဖွဲလုံ့လ ဝီရိယပါ
ပြင်းပြစွာ စိတ်ဆန္ဒ၊
မိမိကိုယ် အားကိုး
ကြိုးစားဘဝ။

\- စိတ်ဖြူစင် နှလုံးလှ
ပေးဝေငှ မေတ္တာတွေ၊
စီးပွားရှာ စိတ်မနွမ်း
လန်းဆန်းစွာနေ၊
အများအကျိုး သယ်ပိုးစေ
ဘဝတွေ တန်ဖိုးရှိ၊
မိမိကိုယ် အားကိုး
ကြိုးစားသင့်၏။ ။

ချစ်သက်(မြန်မာစာ)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်

**သရက် မေ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်း ဖွင့်ပွဲကို မေ ၁၅ ရက်က သရက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း (ဆပ်ပြာ၊ ခေါင်းလျှော်ရည်) သင်တန်း ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သရက်မြို့နယ်အတွင်း ကျေးရွာ ကိုးရွာမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို မေ ၁၅ ရက်မှ ၁၉ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လှ

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနိုင်ငံ၏ မျိုးဆက်သစ်ဒရုန်းရန်ကာကွယ်ရေးစီမံကိန်း အကောင်အထည်ပေါ်လာပြီဖြစ်



ဂျာမနီနိုင်ငံ၏ မျိုးဆက်သစ် ဒရုန်းရန်ကာကွယ်ရေးစီမံကိန်း အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီအခြေစိုက် Rheinmetall စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီနှင့် Deutsche Telekom ဆက်သွယ်ရေးကုမ္ပဏီတို့ပူးပေါင်း၍ အရေးကြီးအခြေခံအဆောက်အအုံများကို ဝေဟင်မှကျရောက်လာနိုင်သည့် ခြိမ်းခြောက်မှုအသစ်များမှ ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်လာခြင်း ဖြစ်သည်။

အဆိုပါ ဒရုန်းရန်ကာကွယ်ရေးစနစ်တွင် အမျိုးမျိုးသော ခြိမ်းခြောက်မှုများကို ရှာဖွေ ထောက်လှမ်းနိုင်သည့်စနစ်၊ ဆိုက်ဘာလုံခြုံရေး၊ ရေဒီယိုကြိမ်နှုန်း အာရုံခံစနစ်၊ လုံခြုံစိတ်ချရသော ဆက်သွယ်ရေးစနစ်၊ ဒရုန်းများကို ပစ်ချတားဆီးနိုင်သည့်စနစ် နှင့် 5G ဆက်သွယ်မှုကွန်ရက်တို့ကို ကျယ်ပြန့်သော ဒရုန်းဆန့်ကျင်ရေး အဆောက်အအုံတစ်ခုအတွင်း ပေါင်းစပ်တည်ဆောက်သွားမည်ဖြစ်သည်။

ဤစီမံကိန်း၏ ထူးခြားချက်တစ်ခုမှာ လက်ရှိအသုံးပြုနေသော 5G ဆက်သွယ်ရေးကွန်ရက်များကို ကြီးမားသောရေဒါစနစ်များအဖြစ်အသုံးချနိုင်ရန် စမ်းသပ်လျက်ရှိခြင်းဖြစ်သည်။ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများအတွင်း ပုံမှန်မဟုတ်သော အချက်ပြလှိုင်းပုံစံများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဒရုန်းများ၏ လှုပ်ရှားမှုကိုသိရှိနိုင်သော နည်းပညာကို အသုံးပြုသွားရန် ရည်ရွယ်ထားသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု၏ အဓိကသော့ချက်မှာ Rheinmetall စစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ၏ ခေတ်မီစစ်လက်နက်ပစ္စည်းများနှင့်Deutsche Telekom ၏ ကျယ်ပြန့်သော ဒစ်ဂျစ်တယ်ကွန်ရက်ကို အချိတ်အဆက်မိမိ ပေါင်းစပ်ရန်ဖြစ်သည်။

အဆိုပါ စီမံကိန်းအရကာကွယ်ရေးစနစ်တွင်ဒရုန်းများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် လေဆာလက်နက်စနစ်များ သို့မဟုတ် အီလက်ထရွန်နစ်လှိုင်းများဖြင့် အနှောင့်အယှက်ပေးသည့်စနစ်များကိုပါ ထည့်သွင်းသွားရန် ရည်ရွယ်ထားသည်။ ဤသို့ဖြင့် အရေးကြီးသော အစိုးရအဆောက်အအုံများ၊ လေဆိပ်များနှင့် စွမ်းအင်သိုလှောင်ရုံများကို ခွင့်ပြုချက်မဲ့ဒရုန်းများ ကျူးကျော်ဝင်ရောက်ခြင်းမှ ၂၄ နာရီပတ်လုံး အလိုအလျောက် စောင့်ကြည့်ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် ဤစီမံကိန်းသည် ဂျာမနီနိုင်ငံ၏ အမျိုးသားလုံခြုံရေးဗျူဟာတွင် အချက်အချာကျသော အလှည့်အပြောင်းတစ်ခု ဖြစ်လာနိုင်သည်။ ခေတ်သစ်စစ်ပွဲများတွင် ဒရုန်းများ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာသည်နှင့်အမျှ အရပ်ဘက်ဆက်သွယ်ရေးတာဝါတိုင်များကို ရေဒါကွန်ရက်အဖြစ် ပြောင်းလဲအသုံးချခြင်းက ကုန်ကျစရိတ်ကို သက်သာစေသည့်အပြင် ကာကွယ်ရေးနယ်ပယ်ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာထိ ဖြန့်ကြက်နိုင်စေမည်ဖြစ်သည်။ ဂျာမနီ၏ ဤခြေလှမ်းသည် ဥရောပတိုက်အတွင်းရှိ အခြားသော မဟာမိတ်နိုင်ငံများ အတွက်လည်း မျိုးဆက်သစ် လေကြောင်းကာကွယ်ရေး စနစ်တည်ဆောက်ရာတွင် နမူနာယူစရာ စံပြစီမံကိန်းတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

**Germany Advances Plans for Next-Gen 'Drone Defense Shield' ကို ဘာသာပြန်ဆိုထားပါသည်။**

## AeroVironment ကုမ္ပဏီက လေယာဉ်စုများတွင် အချက်ပြလှိုင်းဖမ်းယူရေးစနစ်များတပ်ဆင်ရန် ကန်ဒေါ်လာ ၄၃ သန်းတန်ဖိုးရှိစာချုပ်ရရှိခဲ့

AeroVironment ကုမ္ပဏီက အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ SkyRange လေယာဉ်စုများတွင် အချက်ပြလှိုင်းဖမ်းယူရေးစနစ်များ တပ်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၄၃ သန်းတန်ဖိုးရှိစာချုပ်ကို ရရှိခဲ့ကြောင်း The Defense Post သတင်း ဌာနက မေ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Sky Range စီမံကိန်းသည် အမေရိကန်လေတပ်မှ သက်တမ်းရင့် RQ-4 Global Hawk အမြင့်ပျံ ထောက်လှမ်းရေးဒရုန်းကြီးများကို ရှုပ်ထွေးလှသည့် အသံထက်မြန်သည့် (Hypersonic) ဒုံးကျည်စမ်းသပ်မှုများတွင် အကူအညီပေးနိုင်မည့် Range Hawks များအဖြစ် အသွင်ပြောင်းလဲရန် Northrop Grumman ကုမ္ပဏီက ဦးဆောင် ဆောင်ရွက်နေသည့်စီမံကိန်းတစ်ခုဖြစ်သည်။

ယခုစာချုပ်အရ AeroVironment ကုမ္ပဏီသည် ၎င်းတို့၏ ကိုယ်ပိုင်နည်းပညာဖြစ်သော PANTHER (Phased Array Next-gen Telemetry Hypersonic Emitter Receiver)စနစ်ကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဤစနစ်သည် ဒုံးကျည်စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့် အချက်အလက်များကို ဖမ်းယူခြင်း၊ စောင့်ကြည့်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းတို့အတွက် အသုံးပြုမည့် အဆင့်မြင့်ဒစ်ဂျစ်တယ်အင်တင်နာနည်းပညာဖြစ်သည်။

ဤစနစ်ကို ပေါင်းစပ်တပ်ဆင်လိုက်ခြင်းဖြင့် ဒရုန်းများအနေနှင့် ပစ်မှတ်အမျိုးမျိုးကို တစ်ပြိုင်နက်တည်း ခြေရာခံနိုင်စွမ်း မြင့်မားလာမည်ဖြစ်ပြီး အသံထက်ငါးဆကျော် (Mach 5 - တစ်နာရီလျှင် ၃၈၃၆ မိုင်နှုန်း)မြန်နှုန်းဖြင့် ပျံသန်းနေသည့် လက်နက်စနစ်များကို ပိုမိုတိကျစွာ တိုင်းတာဆန်းစစ်နိုင်မည်ဖြစ်သည်။

AeroVironment ကုမ္ပဏီ၏ PANTHER စနစ်သည် စစ်မြေပြင်တွင် အသုံးပြုရန်နှင့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန်အတွက် လိုင်းပေါင်းစုံဆက်သွယ်ရေးစနစ်ကို အထောက်အပံ့ပေးနိုင်သည့် စိတ်ကြိုက်ပြင်ဆင်နိုင်သောပုံစံဖြင့် တည်ဆောက်ထားသည်။

ဤစနစ်သည် ဆော့ဖ်ဝဲလ်ဖြင့်ထိန်းချုပ်မောင်းနှင်သည့်ကိရိယာဖြစ်ပြီး အဝေးမှနေ၍ ထိန်းချုပ်နိုင်သည့်အပြင် စက်ပိုင်းဆိုင်ရာစနစ်များကို အားကိုးစရာမလိုဘဲ အချက်ပြလှိုင်းများကို အလိုအလျောက်ဖမ်းယူနိုင်စွမ်းရှိသည်။

ထို့ပြင် အဆိုပါ အင်တင်နာစနစ်ကို သတ်မှတ်ထားသော လှိုင်းနှုန်းစဉ်များအပြင် အခြားသောလှိုင်းနှုန်းစဉ်များထိပါ တိုးချဲ့အသုံးပြုနိုင်ပြီး လေကြောင်းပျံသန်းရေးယာဉ်များနှင့် မြေပြင်အခြေစိုက်စခန်းများတွင်ပါ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

AeroVironment ကုမ္ပဏီ၏အဆိုအရ ယခုရရှိသည့်စာချုပ်သည် နည်းပညာဆိုင်ရာစွန့်စားရမှုများနှင့် ထုတ်လုပ်မှု




ကြာချိန်ကို လျှော့ချပေးနိုင်သည့် အဆင့်မြင့် စမ်းသပ်စစ်ဆေးရေးစနစ်များကို ပံ့ပိုးပေးခဲ့သည့် ၎င်းတို့၏ ကျွမ်းကျင်မှုအပေါ် အခြေခံထားခြင်းဖြစ်သည်။

ကုမ္ပဏီသည် မြောက်ဒါကိုတာပြည်နယ် Grand Forks ရှိ GrandSKY စီးပွားရေးဇုန်တွင် Sky Range စီမံကိန်းအတွက် ပေါင်းစပ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် အနာဂတ်တွင် PANTHER စနစ်ကို ကိုင်တွယ်မောင်းနှင်မည့်သူများနှင့် ပြုပြင်ထိန်းသိမ်းမှုကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် Bismarck State College အပါအဝင် မြောက်ဒါကိုတာပြည်နယ်ရှိ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်ရန် စီစဉ်နေပြီဖြစ်သည်။

AeroVironment ကုမ္ပဏီမှ Hypersonic RF နှင့် Radar ဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါက်တာ Satya Ponnaluri က "PANTHER စနစ်ဟာ အဝေးပစ်ဒုံးကျည်စမ်းသပ်မှုတွေအတွက် လိုအပ်တဲ့ အရေးကြီးအချက်အလက်တွေကို စုဆောင်းရာမှာ ယုံကြည်စိတ်ချရပြီး ထိရောက်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**AeroVironment to Install Data Receivers on Pentagon's Sky Range Hypersonic Test Fleet ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀ စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၁၄၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိအချိန်မှာတော့ မြေပဲများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမုံရွာမြို့နယ်မှာ မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလ စတုတ္ထပတ်လောက်မှာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မေ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ဒါန်းမယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကော့ဒါန်းမယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်ထံမှ သိရသည်။

**ကိုသက်**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငှက်ပျောအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငှက်ပျောအစုံ အဖီးရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌွေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောဖီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့်မတ်လက ငှက်ပျောအစုံအဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလတစ်လအတွင်း ငှက်ပျောအစုံ အဖီးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါငှက်ပျောများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ရွှေငှက်ပျော စသည့်ငှက်ပျောအမျိုးအစားများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငှက်ပျောအစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလက ငှက်ပျောအစုံ အဖီးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငှက်ပျောအစုံ တင်ပို့အားကောင်းလာတော့ စိုက်တဲ့သူတွေ အဆင်ပြေတာ တွေ့ရပါတယ်။ ငှက်ပျောစိုက် တောင်သူတွေက ငှက်ပျောအစုံကို စိုက်ပျိုးကြပါတယ်" ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဌွေးက ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောဖီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၊ ရခိုင်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ နှင့် ရွှေငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ အမျိုးအစားနှင့် အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကြို့ပင်ကောက် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြို့ပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ထောက်ကြံ့တောကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၃ ဒသမ ၄ သိန်း စုစုပေါင်း ငွေကျပ် ၁၈၃ ဒသမ ၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# တောင်တွင်းကြီးမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး မေ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းကြီးကျေးရွာအုပ်စု ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငွေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၁၄၃ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ၁၀ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၁၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ခရီးသွားဆောင်းပါး

# ရှုခင်းအလှသာယာစွ၊ ကြည့်ရှုဖူးမြော်မော်တင်စွန်းစေတီတော်

သက်နိုင်(ပြင်ဦးလွင်)

ကျောင်းပိတ်ရက်ရှည်၊ ရုံးပိတ်ရက်ရှည်တစ်ခုအတွင်း မောင်နှမတွေ စုပေါင်းထွက်လာကြတဲ့ အလည်အပတ်ခရီးစဉ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ မော်တင်စွန်းစေတီရှိရာကို ရောက်လာခဲ့ကြပြီ။ ခရီးစဉ်အရ ဟိုင်းကြီးကျွန်းဘက်ကနေ လာရတာဖြစ်လို့ ပင်လယ်ကမ်းခြေလမ်းအတိုင်း မောင်းနှင်လာခဲ့ရတယ်။ လမ်းရဲ့ညာဘက်မှာ မော်တင်စွန်းရွာရှိနေပြီး ဘယ်ဘက်မှာ ပင်လယ်ရေပြင်ကြီး ရှိနေတယ်။ ဒ့ါပြင် မော်တင်စွန်းဘုရားပွဲတော်ကျင်းပချိန် ဖြစ်နေတာကြောင့် စေတီအနီး ပင်လယ်ကမ်းခြေသဲသောင်ပြင်တွေပေါ်မှာ အမျိုးအမည်စုံလင်လှတဲ့ ဈေးဆိုင်တန်းကြီးတွေကို တွေ့မြင်နေရတယ်။ ဈေးဆိုင်တန်းတွေရဲ့ အလယ်ကနေ ကားကို ဖြတ်သန်းမောင်းနှင်လာရင်း အဆိုတော်သန်းထွန်းလေးရဲ့ ကျွန်တော့်မမပုသိမ်သူ သီချင်းသံတွေကို ကြားနေရပြန်တယ်။ သီချင်းထဲကအတိုင်း မော်တင်စွန်းစေတီကို ပုသိမ်မြို့နဲ့အတူ တွဲဖက်သိရှိထားကြတာတွေ များပြားနေကြပေမဲ့ တကယ်တော့ မော်တင်စွန်းစေတီက ငပုတောမြို့နယ်အတွင်းမှာ တည်ရှိနေတာပါ။ နောက်ထပ်တစ်ချက်က မော်တင်စွန်းစေတီဆိုတာ ရုပ်ပွားတော်ကြီးမဟုတ်ဘဲ စေတီတော်ကြီးသာ ဖြစ်နေပါတယ်။

တောင်ခြေကိုရောက်လာကြတာနဲ့ မော်တင်စွန်းစေတီပေါ်ကို မတက်ကြသေးဘဲ ဈေးတန်းကိုဖြတ်ပြီး ပင်လယ်အတွင်းမှာရှိနေတဲ့ စေတီတော်ကြီးတစ်ဆူရှိရာကို အရင်ဆုံးသွားရောက်ကြရတယ်။ တချို့က ပင်လယ်ရေထဲမှာရှိနေတဲ့ စေတီကြီးကို မော်တင်စွန်းစေတီဆိုပြီး ထင်မှတ်မှားနေကြတယ်။ မော်တင်စွန်းစေတီက ကမ်းခြေအနီးကုန်းတော်ပေါ်မှာပါ။ ပင်လယ်ရေကျချိန်ဖြစ်တဲ့အတွက် စေတီတော်ရှိရာကို ရေမစိုဘဲ ကွန်ကရစ်လမ်းလေးအတိုင်း လမ်းလျှောက်သွားကြရတယ်။ ကွန်ကရစ်လမ်းရဲ့ ညာဘက်ဘေးတစ်လျှောက်မှာ ဖော့ပြားကို ပုံဖော်ထွင်းထုထားတဲ့ နဂါးရုပ်အရောင်းဆိုင်တွေ တန်းစီပြီး ရှိနေကြတယ်။ ဘုရားဖူးလာရောက်တဲ့ ဧည့်သည်တွေက မိမိတို့ရဲ့ယုံကြည်ချက်အရ ဒီနဂါးရုပ်တွေကို ဝယ်ယူကြရပြီး အဓိဋ္ဌာန်နဲ့ ပင်လယ်အတွင်းကို မျှောကြတယ်။ ဒီလိုမျှောတဲ့အခါမှာလဲ ဆိုင်ရှင်တွေကိုယ်တိုင်ဦးဆောင်ကာ ဆုတောင်းတာတွေ၊ အမျှဝေတာတွေ စတဲ့ရိုးရာဓလေ့တွေကို ဆောင်ရွက်ပေးနေကြပါတယ်။

မိမိတို့မောင်နှမတွေက ဘုရားဖူးတာနဲ့ ရှုခင်းတွေကိုသာ လေ့လာကြည့်ရှုကြမှာဖြစ်လို့ ဆိုင်တွေကိုကျော်ဖြတ်ခဲ့ပြီး စေတီတော်ကြီးပေါ်ကို ဦးတည်တက်လှမ်းလာခဲ့ကြတယ်။ ဒါပေမဲ့ နဂါးရုပ်တွေကို ပင်လယ်ရေထဲမျှောချနေကြတဲ့ မြင်ကွင်းတွေက စိတ်ဝင်စားစရာပါ။ ရွှတ်ဖတ်ပူဇော်ဆုတောင်းအမျှဝေနေတာတွေနဲ့အတူ နဂါးရုပ်ဖြူဖြူလေးတွေကို အသင့်ပြုလုပ်ထားတဲ့ ဝါးဖောင်လေးတွေပေါ်တင်ပြီး ပင်လယ်အတွင်း မျှောချလိုက်တဲ့အချိန်မှာ အောင်ပြီ၊ အောင်ပြီ၊ အောင်ကြပြီဆိုတဲ့ အသံတွေက ကျယ်ကျယ်လောင်လောင်နဲ့ ဟိန်းထွက်လာကြတယ်။

ဈေးဆိုင်တွေအနီးကနေ ကွန်ကရစ်လမ်းအတိုင်း လျှောက်လာခဲ့ကြတာ မကြာခင်မှာ စေတီတော်ရှိရာကို ရောက်လာခဲ့ကြတယ်။ စေတီတော်က ပင်လယ်အောက်ခံမြေမျက်နှာပြင်ပေါ်ကနေ အဆင့်ဆင့်ပြုလုပ်ထားတဲ့ ရင်ပြင်တော်ပေါ်မှာ တည်ရှိနေတယ်။ ရင်ပြင်တော်အမြင့်က ပင်လယ်ရေမျက်နှာပြင်ပေါ်ကနေ ဆယ်ပေကျော်၊ တစ်ဆယ့်ငါးပေလောက်မြင့်ပြီး စေတီရဲ့ဉာဏ်တော်က ပေသုံးဆယ်ခန့်ရှိပါတယ်။ မြင်တွေ့နေရတဲ့ အနေအထားအရ သာမန်ရေတက်ချိန်တွေ၊ အင်အားပြင်းထန်မှုမရှိတဲ့ မုန်တိုင်းတွေတိုက်ခတ်တဲ့အချိန်တွေမှာ စေတီတော်ရင်ပြင်ပေါ်ကို ဒီရေတက်ရောက်မှုမရှိနိုင်ပါဘူး။ ဒ့ါပြင် စေတီတော်ရဲ့ရင်ပြင်ပုံစံက အဝိုင်းပုံသဏ္ဌာန်ဖြစ်နေတာကြောင့် တော်ရုံတန်ရုံပင်လယ်ရေလှိုင်းဒဏ်တွေကို ခံနိုင်ရည်ရှိနေတယ်။

မိမိတို့က ရင်ပြင်တော်ပေါ်ကိုရောက်လာတာနဲ့ စေတီတော်ကို ဖူးမြော်ကြရင်း ပတ်ဝန်းကျင်က ရှုခင်းတွေကို ကြည့်ရှုခံစားကြရတယ်။ စေတီတော်ရဲ့တစ်ဘက်မှာ ပင်လယ်ပြင်ကြီးပါ။ စေတီတော်ရဲ့အောက်ခြေပင်လယ်ကမ်းစပ်မှာ ပင်လယ်ရေတိမ်နဲ့အတူ ကျောက်တုံး၊ ကျောက်စိုင်၊ ကျောက်ခဲတွေပေါ်များစွာ တည်ရှိနေကြတယ်။ ဒါကြောင့်လဲ ကမ်းခြေတစ်လျှောက်မှာ ရေချိုး၊ ရေကစားတဲ့သူတွေရှိမနေကြဘဲ ကျောက်ဆောင်တွေပေါ်မှာ လမ်းလျှောက်နေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေ၊ ခရုခွံကောက်နေကြသူတွေကိုသာ တွေ့မြင်နေရတယ်။ ပင်လယ်ကမ်းခြေတစ်လျှောက် ကျောက်တုံး၊ ကျောက်ဆောင်တွေရဲ့ သဘာဝက အလွန်လှပနေတယ်။ တစ်ခါတစ်ရံ ကျောက်ဆောင်တွေပေါ်ထိ ရိုက်ခတ်လာတဲ့ ပင်လယ်ရေလှိုင်းလုံးဖွေးဖွေးဖြူဖြူတွေကြောင့်လဲ ပိုမိုသာယာလှပနေတယ်။ ထူးထူးခြားခြားအနေနဲ့ စေတီတော်အနီး ပင်လယ်ပြင်အတွင်းမှာ ငါးဖမ်းလှေကြီးကြီးငယ်ငယ်တွေ တစ်စီးတစ်လေမှ ရှိမနေကြတာပါ။



ငပုတောမြို့နယ်ရှိ မော်တင်စွန်းစေတီကို ဖူးတွေ့ရစဉ်။

စေတီတော်ရဲ့ အခြားတစ်ဘက်အောက်ခြေမှာ ဈေးဆိုင်တန်းတွေနဲ့ ကုန်းတော်မြင့်မြင့်ပေါ်မှာ မော်တင်စွန်းစေတီတော်ကြီးကို ဖူးမြော်နေရတယ်။ ဒါပေမဲ့ ကုန်းတော်အနီးပတ်လည်မှာ ပေါက်ရောက်နေတဲ့ ထန်းပင်တွေကြောင့် စေတီတော်ကြီးတစ်ခုလုံးကိုမတွေ့ရဘဲ ထီးတော်ကြီးနဲ့ အပေါ် ပိုင်းကိုသာတွေ့မြင်နေကြရတယ်။ ဒီနေရာမှာ ထူးခြားတဲ့အချက်တစ်ချက်ကလဲ ပင်လယ်ကမ်းခြေကုန်းမြေပေါ်မှာ ထန်းပင်တွေအမြောက်အမြား ရှင်သန်ပေါက်ရောက်နေကြတာပါ။ ပင်လယ်ထဲက စေတီတော်ကြီးဖူးမြော်အပြီး၊ ရှုခင်းတွေကို ကြည့်ရှုအပြီးမှာ စေတီတော်ရင်ပြင်ကနေ ပြန်ဆင်းလာခဲ့တယ်။ ခရီးစဉ်အရ မော်တင်စွန်းစေတီတော်ရှိရာကို ဆက်လက်တက်ရောက်ဖူးမြော်ကြရမှာပါ။ ဒါပေမဲ့ ပင်လယ်ကမ်းခြေ ကျောက်ဆောင်တွေအနားမှာ သွားရောက်ဓာတ်ပုံရိုက်ယူနေကြတဲ့ မောင်နှမတွေကိုစောင့်ရင်း မိမိက ကားအနီးစားသောက်ဆိုင်လေး တစ်ဆိုင်မှာ ထိုင်စောင့်နေခဲ့ရတယ်။

ဒီလိုထိုင်စောင့်နေရင်းနဲ့ စားသောက်ဆိုင်ရဲ့ အရှေ့မှာ နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် ဂိတ်လေးတစ်ခုရှိနေတာကြောင့် မော်တင်စွန်းကနေ ငွေတောင်ကမ်းခြေကိုသွားတဲ့ ငှားရမ်းခဈေးနှုန်းတွေကို ဗဟုသုတအဖြစ် သိရှိလိုက်ရတယ်။ ငွေတောင်ကမ်းခြေဆိုတာ မော်တင်စွန်းဘုရားဖူးပြီးတာနဲ့ မိမိတို့ဆက်လက်သွားရောက်ကြမဲ့ နေရာတစ်ခုပါ။

မိမိတို့မောင်နှမတွေ လူစုံတာနဲ့ မော်တင်စွန်းဘုရားကုန်းတော်ပေါ်ကို တက်ခဲ့ကြတယ်။ ကုန်းတော်ပေါ်ကို ကမ်းခြေကနေ တောင်တက်ကားလမ်းအတိုင်း ကားမောင်းပြီးတက်ကြရတာပါ။ ဒါပေမဲ့ ကားလမ်းက မြေသားလမ်းကြမ်းကြမ်းဖြစ်နေသလို အနည်းငယ်မတ်စောက်နေတယ်။ ဒါကြောင့် တစ်စီးချင်းဆင်း၊ တစ်စီးချင်းတက်နဲ့ စောင့်ဆိုင်းနေကြရတယ်။ မော်တင်စွန်းစေတီက အရင်တုန်းကနဲ့ လုံးဝမတူတော့ပါဘူး။ အရင်တုန်းက ဘုရားကိုရောက်လာရင် တောင်ခြေက သစ်ပင်ရိပ်မှာ ကားကိုရပ်ခဲ့ပြီး စောင်းတန်းလှေကားအတိုင်း ရင်ပြင်တော်ပေါ်ကို တက်ကြရတာပါ။ စေတီရဲ့ရင်ပြင်ကကျဉ်းပြီး စေတီကြီးနဲ့ စေတီရံလေးတွေကလွဲရင် အခြားဘာမှမရှိပါဘူး။

အခုရောက်ရှိလာတဲ့အချိန်မှာ လက်ရှိ မူလစေတီတော်ကြီးနဲ့ စေတီရံတွေကလွဲလို့ အစစအရာရာအားလုံးပြောင်းလဲသွားခဲ့ကြပါပြီ။ အရင်တုန်းက စေတီတော်အောက်ခြေအနီးမှာ ပေါက်ရောက်နေတဲ့ သစ်ပင်ကြီးတွေမရှိကြတော့ဘဲ သစ်ပင်ကြီးတွေရဲ့ နေရာမှာ ကြီးမားသစ်လွင်တဲ့ ရင်ပြင်တော်ကြီးတစ်ခုကို ခန့်ခန့်ညားညား မြင်တွေ့လိုက်ရတယ်။ ရင်ပြင်တော်ကြီးက ကြီးမားကျယ်ဝန်းနေသလို လှေကားတွေကလဲ အဆင့်မြင့်မြင့်သပ်သပ်ရပ်ရပ်နဲ့ လှပခေတ်မီနေကြတယ်။ အရင်ကလို သေးသေးငယ်ငယ် ကျဉ်းကျဉ်းမြောင်းမြောင်း မဟုတ်တော့ပါဘူး။ ဒ့ါပြင် အောက်ခံကြွေပြား အသစ်တွေ ဖွေးဖွေးဖြူနေတဲ့ ရင်ပြင်တော်လေးဘက်လေးတန်မှာ ခေတ်မီပြီး ကြီးမားခန့်ညားလှပတဲ့ပုံစံတူ၊ အရွယ်တူ ဇရပ်ဖြူကြီးလေးလုံးကိုလဲ တွေ့မြင်နေရပြန်တယ်။ ရင်ပြင်တော်အဆုံး အရင်က အုတ်တံတိုင်းနေရာတွေမှာ သပ်ရပ်လှပတဲ့ စတီးအကာအရံတွေဖြစ်နေကြတယ်။ နောက်တစ်ခု သေသေချာချာ သိလိုက်ရတာက မော်တင်စွန်းစေတီကို ဘက်စုံအဆင့်မြင့်မွမ်းမံပြင်ဆင်နေတာဖြစ်ပြီး မိမိတို့ကဖွင့်ပွဲနေ့မှာ တိုက်တိုက်ဆိုင်ဆိုင်ရောက်ရှိလာခဲ့ကြသလို ရင်ပြင်တော်အသစ်၊ မွမ်းမံပြင်ဆင်တဲ့လုပ်ငန်းတွေ ပြီးပြီးချင်း ရောက်ကြတာပါ။ ဒ့ါပြင် ဖွင့်ပွဲနေ့အထိမ်းအမှတ်အဖြစ် ကျွေးမွေးလှူဒါန်းဧည့်ခံတဲ့ စတုဒိသာတွေကိုလဲ စားသောက်ကြရသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မော်တင်စွန်းစေတီက အရင်နဲ့လုံးဝမတူတော့ဘဲ အစစအရာရာ တိုးတက်ပြောင်းလဲသွားတာဖြစ်ပါတယ်။ ဒါပေမဲ့ တောင်တက်ကားလမ်းကတော့ အဆင့်မြင့်ဖောက်လုပ်ပြီးစီးခြင်းမရှိသေးဘဲ ကျန်ရှိနေပါသေးတယ်။

စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုကြတဲ့အခါ ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်နဲ့ စိတ်အေးချမ်းစွာ ပူဇော်ကန်တော့ကြရတယ်။ ဘုရားပွဲတော်ရက်ကာလ၊ ဖွင့်ပွဲအခမ်းအနားနေ့ဖြစ်နေပြီး ဘုရားဖူးဧည့်သည်တွေ များပြားနေပေမဲ့ ကျယ်ဝန်းသွားပြီဖြစ်တဲ့ ရင်ပြင်တော်ပေါ်မှာ တိုးဝှေ့သွားလာနေစရာမလိုတော့ပါဘူး။ စေတီတော်ကြီးကို ဖူးမြော်ပြီးတဲ့အခါ ရင်ပြင်တော်ပေါ်ကနေ ကြည့်ရှုခံစားရတဲ့ ပင်လယ်ပြင်ကြီးနဲ့ ကမ်းခြေတစ်လျှောက်မှာရှိနေတဲ့ မြင်ကွင်းတွေက ပိုမိုလှပသာယာနေပါတယ်။ ကုန်းတော်ပေါ်အမြင့်ပိုင်းနေရာကနေ ကြည့်ရှုခွင့်ရတဲ့အတွက် အနီးနေရာ၊ အဝေးနေရာအားလုံးကို တွေ့မြင်နေရတာလဲဖြစ်ပါတယ်။ မော်တင်စွန်းစေတီကို လာရောက်ကြတဲ့သူတွေက ဘုရားဖူးမြော်ကန်တော့ကြရတာအပြင် သာယာလှပတဲ့ရှုခင်းတွေကိုလဲ တဝကြီးကြည့်ရှုခံစားနိုင်ကြပါပြီ။

မော်တင်စွန်းစေတီကတော့ မြန်မာနိုင်ငံမှာ လူသိများပြီး အလွန်ထင်ရှားပါတယ်။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေနဲ့ ခရီးဝေးကွာမှုတွေကြောင့် သွားလာလည်ပတ်ဘုရားဖူးဧည့်သည်တွေ ယနေ့အချိန်ထိ နည်းပါးနေပါသေးတယ်။ ပင်လယ်ကမ်းခြေအနီး တောင်ကုန်းပေါ်မှာရှိနေတဲ့ မော်တင်စွန်းစေတီကို သက္ကရာဇ် ၅၉၀ ခုနှစ် ဇွန် ၇ ရက် သာသနာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်နေ့မှာ တဖုဿနဲ့ ဘလ္လိကညီနောင်နှစ်ဦးက တည်ထားခဲ့တာဖြစ်ကြောင်း ဘုရားသမိုင်းအရ သိထားရတယ်။ ဘုရားပွဲတော်ကိုတော့ နှစ်စဉ် တပေါင်းလဆန်း ၁ ရက်ကနေ တပေါင်းလပြည့်နေ့ထိ ကျင်းပလေ့ရှိတယ်။ ဘုရားပွဲတော်ကာလတွေမှာ အသံမစဲပဋ္ဌာန်းပူဇော်ပွဲတွေ၊ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲတွေ၊ အခြားပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲတွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြပါတယ်။ ဒါပေမဲ့ အခုလို စေတီတော်ကြီးကို ဘက်စုံပြုပြင်မွမ်းမံပြီးတဲ့အချိန်မှာ အရင်ကလိုမဟုတ်တော့ဘဲ စည်ကားလာမလားဆိုတာကိုတော့ မပြောတတ်သေးပါဘူး။

မိမိတို့မောင်နှမတွေက ဘုရားဖူးပြီး ရှုခင်းတွေကို ကြည့်ရှုပြီးကြတာနဲ့ ပွဲတော်ဈေးဆိုင်တန်းတွေမှာ လေ့လာကြည့်ရှုရင်း ဝယ်စရာရှိတာတွေကို ဝယ်ယူကြဖို့ပါ။ ဒါပေမဲ့ ဈေးဆိုင်တွေ အများစုက ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေ၊ စားသောက်ဆိုင်တွေ၊ အဝတ်အထည်တွေ၊ ကလေးကစားစရာပစ္စည်းအရုပ်ဆိုင်တွေသာဖြစ်နေတာကြောင့် ပွဲဈေးမှာ မလည်ပတ်ကြတော့ဘဲ ငွေတောင်ကမ်းခြေရှိရာကို ဆက်လက်သွားရောက်ကြဖို့ စီစဉ်ဆုံးဖြတ်လိုက်ကြတယ်။ ဒါကြောင့်လဲ ဘုရားစေတီကုန်းတော်ပေါ်ကနေ ပင်လယ်ကမ်းခြေဘက်ကို ကားမောင်းပြီး ပြန်ဆင်းလာခဲ့ကြတယ်။ ငွေတောင်ကမ်းခြေကို မော်တင်စွန်းစေတီကနေ ကုန်းတွင်းလမ်းပိုင်းနဲ့ ကမ်းခြေလမ်းပိုင်းနှစ်လမ်းအနက်က ကြိုက်တဲ့လမ်းကနေ သွားရောက်နိုင်ပါတယ်။ မိမိတို့က ကမ်းခြေလမ်းကနေ သွားရောက်ကြမှာပါ။ ပင်လယ်ပြင်ရှုခင်းတွေနဲ့ သာယာလှပတဲ့ မော်တင်စွန်းစေတီကတော့ အနောက်မှာ ကျန်နေရစ်ခဲ့ပါပြီ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## လက်ဖြောင့် မြတ်ကျော်ရဲ့နောင်တ

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်ကလေးရဲ့ အမည်ကတော့ **"လက်ဖြောင့် မြတ်ကျော်ရဲ့ နောင်တ"**ဆိုတဲ့ ပုံပြင်ကလေးပဲဖြစ်ပါတယ်ကွယ်။

တောရွာတစ်ရွာမှာနေတဲ့ မြတ်ကျော်ဆိုတဲ့ ကျောင်းသားကလေးဟာ နွေရာသီကျောင်းပိတ်ရက်မှာ အားလပ်နေသတဲ့ကွယ်။ ကျောင်းမပိတ်ခင်က ကျောင်းစာတွေနဲ့ နပန်းလုံးနေလို့ မအားလပ်ခဲ့ဘူးပေါ့ကွယ်။ ဒါကြောင့် အခုကျောင်းပိတ်ရက်ရှည်ကာလမှာ စိတ်အပန်းပြေအောင် ဘာလုပ်ရရင်ကောင်းမလဲလို့ စဉ်းစားသတဲ့ကွယ်။ စဉ်းစားရင်း လေးခွလွယ်အိတ်ကလေးကို မြင်လိုက်ချိန်မှာ သူ့ခေါင်းထဲကို အကြံတစ်ခုဝင်လာသတဲ့ကွယ်။

"အင်း...ရွာနောက်က တောထဲမှာ လေးခွနဲ့ ငှက်ပစ်ရမယ်။ ငါ့လက်အစွမ်း မပြရတာကြာပြီ"လို့ စိတ်ထဲက ပြောလိုက်ပြီး ငှက်ပစ်မယ်လို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။ ပြီးတော့မှ လေးခွလွယ်အိတ်ကလေးကို ပခုံးမှာသိုင်းလွယ်ပြီး ရွာနောက်တောဘက်ကို ထွက်လာခဲ့သတဲ့။ တောစပ်ရောက်တယ်ဆိုရင်ပဲ ငှက်မျိုးစုံတွေရဲ့ မြူးထူးပျော်ရွှင်နေတဲ့ အသံတွေကို ကြားလိုက်ရသတဲ့ကွယ်။

အဲဒါနဲ့ မြတ်ကျော်က "အင်း...သူတို့ကို ဘေးမဲ့ပေးထားသလိုဖြစ်နေတော့လွတ်လပ်နေတာပေါ့လေ။ ကဲ.. လက်ဖြောင့် မြတ်ကျော်လာပြီဟေ့။ ရှောင်တတ်အောင်သာ ရှောင်ကြပေတော့"လို့ ကြိမ်းဝါးရင်း လေးခွကလေး တရွယ်ရွယ်နဲ့ သစ်ပင်တစ်ပင်နားကပ်လာသတဲ့။ ငှက်ကလေးတွေကလဲ မြတ်ကျော်ကို မမြင်တာလား၊ မြင်လျက်နဲ့ အန္တရာယ်မရှိဘူးလို့ ထင်နေတာလား မသိနိုင်ဘူးပေါ့ကွယ်။

အဲဒီလိုနဲ့ အနီးဆုံးချိန်ကွင်းကိုရတာနဲ့ မြတ်ကျော်ဆီက လေးခွပစ်သံ ဖျတ်ခနဲထွက်လာပြီး ခွပ်ခနဲ မှန်သံနဲ့အတူ ချက်ကောင်းထိသွားတဲ့ ချိုးငှက်တစ်ကောင်ဟာ အပင်အောက်ကို တန်းကျလာသတဲ့။ မြတ်ကျော်က ချိုးငှက်ကို အားရဝမ်းသာပြေးကောက်ပြီး "မြတ်ကျော်လက်ကို လျှော့တွက်လို့မရဘူးဆိုတာ သင်းတို့မသိရှာဘူး။ ကျွတ် ကျွတ် ကျွတ်"လို့ ဝါရင့်မုဆိုးကြီးစတိုင်နဲ့ စုတ်သပ်ရင်း ပြောလိုက်သတဲ့။ ချိုးတစ်ကောင်ကို ထိမှန်ပြီး ကျသွားတာကိုမြင်တဲ့ သစ်ပင်ပေါ်က ကျန်ငှက်တွေလဲ ထပျံပြေးကြတာပေါ့ကွယ်။

ဒါပေမဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ သစ်ပင်က ငှက်တစ်အုပ်ကတော့ အော်ဟစ်မြူးထူးလျက်ပဲရှိနေ



သတဲ့။ မြတ်ကျော်ကလဲ အဲဒီသစ်ပင်အနီးကို ဆက်ချဉ်းကပ်လိုက်ပြီး ရှေ့နည်းအတိုင်း စိတ်ကြိုက်ငှက်တစ်ကောင်ကို တည့်တည့်ချိန်ပစ်လိုက်ပြန်သတဲ့။ လက်ဖြောင့်မြတ်ကျော်ရဲ့ပစ်ချက်ကို မလွတ်သာဘဲ ငှက်တစ်ကောင် ထိုးကျလာပြန်သတဲ့။ အဲဒီလိုနဲ့ သစ်ပင်သုံး၊ လေးပင်ပြောင်းပြီးချိန်မှာ မြတ်ကျော်ရဲ့လွယ်အိတ်ထဲမှာလဲ ငှက်သုံး၊ လေးကောင်ရနေပြီပေါ့ကွယ်။

မြတ်ကျော်ဟာ ငှက်တစ်ကောင်ပြီး တစ်ကောင်ရဖို့သာ အာရုံထားပြီး တောအနှံ့လှည့်ပတ်ပစ်နေသတဲ့။ နောက်အပင်ကြီးတစ်ပင်နားအရောက်မှာ ငှက်တစ်ကောင်ကို လေးခွနဲ့အသေအချာချိန်လိုက်သတဲ့။ သူချိန်နေတုန်း သူ့ခေါင်းကို တစ်စုံတစ်ခုနဲ့ရိုက်လိုက်တယ်လို့သာ သိလိုက်ပြီး လဲကျသတိမေ့သွားလေသတဲ့ကွယ်။

မြတ်ကျော် သတိရလာချိန်မှာ အိမ်ပြန်ရောက်နေတာ သတိပြုမိလိုက်သတဲ့။ "မသေကောင်း မပျောက်ကောင်းသားရယ်။ သားပြန်မလာလို့ စိတ်ပူပြီး တောထဲလိုက်ရှာတော့ လဲနေတာတွေ့လို့"လို့ သူ့အဖေကပြောတော့ သားဘာဖြစ်တာလဲ အဖေလို့ မေးသတဲ့။ အဲဒီတော့ သူ့အဖေက "အစကတော့ အဖေတို့လဲမသိဘူး။ ငှက်သေကောင်လေးတွေ ထည့်ထားတဲ့ လွယ်အိတ်ကလေးနဲ့ လဲနေတာတွေ့တယ်။ သားကိုပွေ့ထူပြီး အနီးအနားကြည့်လိုက်တော့ အုန်းသီးတစ်လုံးတွေ့တယ်။ အဲဒီတော့မှ သားခေါင်းပေါ်အုန်းသီးပြုတ်ကျတာများ ဖြစ်မလားလို့ တွေးရတယ်။ ခေါင်းမှာလဲဖုထွက်ပြီး သွေးလေးနည်းနည်းထွက်နေတယ်ကွယ်"လို့ ပြောပြလိုက်တယ်။

သူ့အဖေရှင်းပြမှ သူ့ခေါင်းကို တစ်စုံတစ်ယောက်က ရိုက်လိုက်တာမဟုတ်ဘဲ အုန်းသီးကြွေကျတာဆိုတာ သိလိုက်ရတာပေါ့ကွယ်။

သူ့အဖေက သားကိုကြည့်ပြီး "တော်သေးတာပေါ့သားရယ်။ ခေါင်းကိုထိတာမလို့ ဦးနှောက်ကိုသာထိရင် ဒုက္ခပဲနော်"လို့ စိုးရိမ်စိတ်နဲ့ပြောသတဲ့။ မြတ်ကျော်ကတော့ "သားက ငှက်တွေပစ်ဖို့ပဲ အာရုံထားနေတာ။ သူတစ်ပါးအသက်သတ်တယ်ဆိုတာ အကုသိုလ်အလုပ်လို့ အဖေသားကို ဆုံးမဖူးတာမေ့ထားမိတယ်"လို့ ဝန်ခံတောင်းပန်တယ်။

တကယ်တော့ သူ့အဖေက အမြဲသွန်သင်ဆုံးမပေမဲ့ မြတ်ကျော်လေးလေးစားစား မလိုက်နာခဲ့တာပေါ့ကွယ်။ လက်တွေ့မကြုံဖူးသေးတော့ အလေးမထားဘဲ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့လုပ်နေခဲ့တာပေါ့ကွယ်။ အခုတော့ "အကုသိုလ်ဝဋ်ဆိုတာ တစ်လှည့်ပြန်ခံရတတ်တယ်"ဆိုတဲ့ သူ့အဖေရဲ့ ဆုံးမစကားကို ပြန်ကြားယောင်ချိန်မှာတော့ မိမိခေါင်းပေါ်ကို အုန်းသီးတည့်တည့်ကြွေကျတဲ့ကံကို မြတ်ကျော် သဘောပေါက်သွားသတဲ့ကွယ်။ သူက ငှက်ကလေးတွေရဲ့ ခေါင်းကို တည့်တည့်ချိန်ပြီး ရက်ရက်စက်စက် ပစ်သတ်ခဲ့တာမဟုတ်ပါလားကွယ်။ သူတွေးရင်း ငှက်ကလေးတွေကို ပစ်မိတာမှားတယ်လို့နောင်တရလာသတဲ့။ ဒါကြောင့် ငှက်ကလေးတွေသာမက ဘယ်တိရစ္ဆာန်လေးတွေကိုမှ မနှိပ်စက်မသတ်ဖြတ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တော့သတဲ့ကွယ်။

ကလေးတို့လဲ ဒီပုံပြင်ကလေးထဲက မြတ်ကျော်ရဲ့အဖြစ်ကို သင်ခန်းစာယူပြီး သတ္တဝါလေးတွေကို မညှဉ်းဆဲမသတ်ဖြတ်ရဘူးနော်။ ဒါဆိုရင် သီလတစ်ပါးကို လုံခြုံအောင် စောင့်ထိန်းရာရောက်ပြီး ကြင်နာတတ်တဲ့ လူလိမ္မာကလေးတွေ ဖြစ်လာပါလိမ့်မယ်ကွယ်။

**ညွန့်ဝင်း(နတ်တလင်း)**

## အသုံးဝင်တဲ့ ထန်းပင်လေး

♦ ပန်းအလှများ ထိုးပါမယ်
ထန်းဖူးလေးနဲ့ကွယ်၊
ဆေးရောင်ခြယ်မှ ပိုလှသေး
ထန်းဖူးအရုပ်လေး။

♦ အလှူပေးတဲ့ ပွဲတိုင်းပင်
ကွမ်းတောင်ပန်းတောင်ဆင်၊
အသုံးဝင်တဲ့ ထန်းပင်များ
အမြင့်သူဝင့်ကြွား၊
နွေရဲ့ပန်းချီကား။ ။



**အလင်္ကာ(ပွင့်ဖြူ)**

## စံအလှ

♦ စံပယ်ပန်းလေး ခေါင်းပေါ်ဆင်
ပါးမှာ နံ့သာတင်။

♦ ချိတ်ထဘီဆင် ရိုးယဉ်လှ
မြင်သူ ငေးမောရ။

♦ မောင်ဇာနှစ်မ ချစ်စဖွယ်
ယဉ်ကျေးသိမ်မွေ့တယ်။

♦ ယဉ်ကျေးဂုဏ်ဝယ် ပြည့်စုံမှ
ရှားတဲ့ စံအလှ
မြန်မာ့ဂုဏ် လှပ။ ။



**သုတလင်း(ဆင်ပေါင်ဝဲ)**

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၂၀၀ စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၀၀ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၀၊ ခင်ဦးမြို့နယ်တွင် ၇၉၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၅၅ ဧကနှင့် ကျောက်မြောင်းမြို့နယ်တွင်ဧက ၅၀၊ စုစုပေါင်း ဧက ၁၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ရွှေဘိုခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၂၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့နှင့် အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် သစ်မျှောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဇီးကုန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်မျှောကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့်ဝန်ထမ်းများမှ ကျေးရွာကော်မတီဝင်များနှင့်အတူ သစ်မျှောကြီးကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် သစ်မျှောကြီးကျေးရွာ၌အရှည် ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၅ လက်မရှိသော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဇီးကုန်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၆ ခုနှစ် မေ ၇ ရက် မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၀ ရာနှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။

ကိုညို












## လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ အရှေ့ရပ်ကွက်နေ ဦးထွန်းနိုင်ဝင်း၏ဇနီးဖြစ်သူ ဒေါ်မြသီတာ (ခ) သီသီ (ဘ) ဦးလှဖေ(၉/မနမ(နိုင်)၁၁၃၃၄၇)သည် ၁၀-၄-၂၀၂၆ ရက်နေ့တွင် ပုသိမ်ကြီးမြို့သို့သွားရောက်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင် လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **ဦးထွန်းနိုင်ဝင်း 09-444741410၊ 09-959238899**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာ အုပ်စု၊ နမ့်ဖတ်ကာကျေးရွာနေ မွေဖုကော့ (ဘ) ဦးမွေဖုဂမ် (ခ) စောယု (၁၃/ကခန(နိုင်)၀၄၆၀၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-2019188**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ နိုင်ငံတော်အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကုန်ပစ္စည်းများတင်ဆောင်၍ သွားရောက်ပို့ဆောင်သည့်မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ




မြစ်ကြီးနားမြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကုန်ပစ္စည်းများ သွားရောက်ပို့ဆောင်ခဲ့သည့် မော်တော်ယာဉ်များ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာစဉ်။

**နေပြည်တော် မေ ၁၆**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပိတ်ဆို့ထားသည့် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ထိ ဆက်သွယ်ထားသည့် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနားဆက်သွယ်ရေးလမ်းကြောင်းကို မေ ၆ ရက်တွင် အပြည့်အဝ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဒေသများတွင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေး၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ အချိန်မီရောက်ရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး၊ အခြားသော လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ စီမံဆောင်ရွက်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

# ချဲလ်ဆီးအသင်းကို အနိုင်ရရှိပြီး မန်စီးတီးအသင်း အက်ဖ်အေဖလား ရှစ်ကြိမ်မြောက် ဆွတ်ခူး




**မန်ချက်စတာ မေ ၁၆**

အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ ယနေ့ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရှစ်ကြိမ်မြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မန်စီးတီးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ချဲလ်ဆီးအသင်း၏ အကောင်းဆုံးတုံ့ပြန်မှုများကြောင့် သွင်းဂိုးများရရှိရန် ခက်ခဲခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မန်စီးတီးအသင်းက မာမွတ်၏ နေရာတွင် **စာမျက်နှာ ၂၂ ကော်လံ ၁** ❖

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ စခန်းပေါင်းစုံတွေ့ဆုံပွဲနှင့် စွမ်းရည်ပြိုင်ပွဲများပြုလုပ် စာမျက်နှာ - ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းရှူး-မိုင်းစံဒေသ သံလွင်မြစ်အနီး၌ တရားမဝင် တရုတ်နိုင်ငံသား ၁၈ ဦး ဖမ်းဆီးရမိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများ သိမ်းဆည်းရမိ စာမျက်နှာ - ၂၃

